ကြေးမုံ
The Mirror
၁၃၇၃ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၆ ရက်၊ တနင်္လာနေ့၊ (13-2-2012)(၇၀၃၄)

ဒို့တာဝန်အရေးသုံးပါး

☆ ပြည်ထောင်စု မပြိုကွဲရေး။
☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့က တည်ခင်းဧည့်ခံသည့် (၆၅)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်ဧည့်ခံပွဲနှင့် ညစာစားပွဲအခမ်းအနားကျင်းပ

နေပြည်တော်　　ဖေဖော်ဝါရီ　　၁၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်းတို့က တည်ခင်းဧည့်ခံသည့် ၂၀၁၂ ခုနှစ် (၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ်ဧည့်ခံပွဲနှင့် ညစာစားပွဲအခမ်းအနားကို ယနေ့ညပိုင်းတွင် နေပြည်တော်ရှိ မြို့တော်ခန်းမရင်ပြင်၌ ကျင်းပသည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့သည် အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကြသည်။

အဆိုပါ ၂၀၁၂ ခုနှစ် (၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ်ဧည့်ခံပွဲနှင့် ညစာစားပွဲသို့ ဒုတိယသမ္မတ သီဟသူရ ဦးတင်အောင်မြင့်ဦးနှင့် ဇနီး ဒေါ်ခင်စောနှင်း၊ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဇနီး ဒေါ်နန်းရွှေမှုန်၊ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်း၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး မင်းအောင်လှိုင်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ ဦးသိန်းစိုး၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်းနှင့် ၎င်းတို့၏ ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ လွှတ်တော်ရေးရာကော်မတီများမှ ဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများ၊ နေပြည်တော် တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ နေပြည်တော်ကောင်စီဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ (၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး ဗဟိုကော်မတီဝင်များ၊ ဆပ်ကော်မတီဥက္ကဋ္ဌများနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့ ၂၀၁၂ ခုနှစ် (၆၅)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ဧည့်ခံပွဲနှင့် ညစာစားပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့ ၂၀၁၂ ခုနှစ် (၆၅)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်ဧည့်ခံပွဲနှင့် ညစာစားပွဲအပြီး မြို့တော်ခန်းမ လဟာပြင်ကဇာတ်ရုံ၌ ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များနှင့် ယဉ်ကျေးမှုတက္ကသိုလ်များမှ ကျောင်းသား ကျောင်းသူများ ကပြဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

ကြေးမုံစာတည်းရှုထောင့် ၁၃-၂-၂၀၁၂[တနင်္လာနေ့]။

ဒီမိုကရေစီနှင့် စည်းကမ်း

ရန်ကုန်မြို့နေ ပြည်သူအများစုမှာ ဘတ်စ်ကားကို နေ့စဉ်စီးကာ သွားလာလုပ်ကိုင်နေရသည်။ အစိုးရဝန်ထမ်း၊ ကုမ္ပဏီဝန်ထမ်း၊ ပုဂ္ဂလိကဝန်ထမ်း၊ လက်လုပ်လက်စား၊ ကျောင်းသား ကျောင်းသူမှစ၍ ဈေးရောင်း ဈေးဝယ်သူများပါမကျန် အများစုမှာ ဘတ်စ်ကားစီးခရီးသည်များ ဖြစ်ကြသည်။

၎င်းတို့ ဘတ်စ်ကားစီးရန် ဘတ်စ်ကားမှတ်တိုင်၌ ကားစောင့်ရသည့်အခါ ယခင်က နေပူ မိုးရွာမရှောင် အမိုးအကာမရှိ ရာသီဥတုဒဏ်ကို ခံစားရင်း ဟင်းလင်းပြင်၌ ဘတ်စ်ကားကို စောင့်စားရသည်။ ယခုအခါ ဘတ်စ်ကားမှတ်တိုင်အတော်များများ၌ ခရီးသွားကြမည့်သူများ သက်သောင့်သက်သာ သွားလာနိုင်စေရန် ခရီးသည်နားခိုဆောင်များအား စေတနာရှင်များက ဆောက်လုပ်လှူဒါန်းထားကြသည်ကို တွေ့ရှိရသည်။

အချို့က ကိုယ်ကျိုးမဖက် စေတနာသက်သက်ဖြင့် ဆောက်လုပ်လှူဒါန်းကြသည်များရှိသကဲ့သို့ အချို့စီးပွားရေးလုပ်ငန်းများကလည်း မိမိတို့၏ ထုတ်ကုန်ပစ္စည်းများကို ကြော်ငြာရင်း အတ္တ-ပရမျှတစွာဖြင့် နှစ်ဖက်အကျိုးရှိမည့် ခရီးသည်နားခိုဆောင်များကို ရန်ကုန်မြို့တော်စည်ပင်၌ ခွင့်ပြုချက်ရယူကာ ဆောက်လုပ်လှူဒါန်းကြသည်။

မည်သို့ပင်ဖြစ်စေ ခရီးသွားပြည်သူများ မိုးဒဏ်၊ နေပူဒဏ်တို့မှ ကင်းဝေးကာ ခရီးသည်နားခိုဆောင်၌ နားခိုကာ ဘတ်စ်ကားကို စောင့်စားစီးနင်းခွင့်ရရှိသဖြင့် အလှူရှင်များအား ကျေးဇူးတင်ကြမည်မှာ အမှန်ပင်ဖြစ်ပါသည်။

သို့ရာတွင် စေတနာရှင် အလှူရှင်များ၏ စေတနာကို ဂရုမထား၊ ခရီးသွားပြည်သူများ၏မျက်နှာကို မကြည့်၊ မိမိတို့၏ အတ္တအကျိုးတစ်ခုတည်းကို ရှေ့တန်းတင်ပြီး လုပ်ဆောင်နေကြသူအချို့ကို တွေ့မြင်နေရသည်။ ထိုသူတို့မှာ ခရီးသွားပြည်သူများအား မိမိတို့၏ အကျိုးစီးပွားကို ပိတ်ဆို့နှောင့်ယှက်ကြသူများဟု ပြူစူကြသည့် ခရီးသည်နားခိုဆောင်အောက်၌ စီးပွားရှာနေကြသူများ၊ မိမိတို့ စီးပွားရေးလုပ်ငန်း အကျိုးတစ်ခုတည်းကိုသာကြည့်ပြီး ခရီးသည်နားခိုဆောင်ရှိ ကြော်ငြာပေါ်၌ ရုပ်မပေါ်အောင် ကပ်ထားသောစက္ကူကြော်ငြာများ၊ မိမိတို့၏ စိတ်ကျေနပ်နှစ်သိမ့်မှုတစ်ခုတည်းကိုသာကြည့်ပြီး နားခိုဆောင်ရှိ ကြော်ငြာဘုတ်ကို သဘော်မှုတ်ဆေးဘူးဖြင့် မှုတ်ကာ ဖျက်ဆီးကြသူများ၊ ကြော်ငြာပိုစတာများကို ဆုတ်ဖြဲထားကြသူများနှင့် ခရီးသည်နားနေဆောင်ရှိ ထိုင်ခုံများအား ဖျက်ဆီးကြသူများ ဖြစ်ကြသည်။

ထိုသူတို့အား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက အရေးယူမှုများ ပြုလုပ်နေသည်ဟု သိရသော်လည်း အထက်ပါ အတ္တအကျိုးတစ်ခုတည်းကိုကြည့်ပြီး လုပ်ဆောင်နေကြသူများကား လျော့မသွား၊ ခရီးသည်နားခိုဆောင်အတော်များများ၌ ၎င်းတို့၏လက်ရာ ဒဏ်ရာဒဏ်ချက်အတော်များများကို တွေ့မြင်နေရဆဲပင်ဖြစ်သည်။ ရန်ကုန်မြို့၏ ရုပ်ဆင်းအင်္ဂါကို ညှိုးနွမ်းအောင် ဖျက်ဆီးနေသူများ၊ စေတနာရှင် အလှူရှင်များနှင့် ခရီးသွားပြည်သူများ၏ မျက်နှာကို မကြည့်ဘဲ မိမိတို့၏ အတ္တအကျိုးတစ်ခုတည်းကိုသာ ရှေ့တန်းတင်လုပ်ဆောင်မှုများမှာ အကျည်းတန်အရုပ်ဆိုးသော လုပ်ရပ်များသာ ဖြစ်ပါသည်။

ဒီမိုကရေစီကို လိုချင်ပါသည်၊ ဒီမိုကရေစီကို လိုချင်ပါသည်ဟု ပြည်သူတို့က ပြောနေရုံမျှဖြင့် မပြီး၊ အလားတူ စည်းကမ်းတို့ကို အခြေခံကစ၍ လိုက်နာဖို့ လိုပါသည်။ ထိန်းသိမ်းသူကလည်း ထိန်းသိမ်း၊ လိုက်နာသူများကလည်း လိုက်နာကြမည်ဆိုပါလျှင် စည်းကမ်းရှိသည့် ဒီမိုကရေစီနိုင်ငံဆိုနိုင်ပါသည်။ ။

ငွေကြေးပြဿနာကိစ္စရပ်များတွင် စာရင်းစစ်ကဏ္ဍသည် လွန်စွာအရေးပါ အတွေ့အကြုံများဖလှယ်ကာ ပူးပေါင်းကြိုးပမ်းစွမ်းဆောင်ရန် ပိုမိုလိုအပ်

နေပြည်တော် ဖေဖော်ဝါရီ ၁၂

ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးလွန်းမောင်သည် ရန်ကုန်တိုင်းဒေသကြီး စာရင်းစစ်ချုပ် ဦးမြင့်အောင်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး ညွှန်ကြားရေးမှူးချုပ် (တာဝန်)နှင့် ဒုတိယညွှန်ကြားရေးမှူးတစ်ဦးတို့လိုက်ပါလျက် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ စာရင်းစစ်ချုပ် H. E. Mr. Dinh Tien Dung ၏ဖိတ်ကြားချက်အရ ဖေဖော်ဝါရီ ၆ ရက်မှ ၁၀ ရက်အထိ ဗီယက်နမ်နိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်ခဲ့သည်။

ဗီယက်နမ်နိုင်ငံ National Assembly ဥက္ကဋ္ဌ H. E. Mr. Nguyen Sinh Hung က ဖေဖော်ဝါရီ ၇ ရက် နံနက် ၉ နာရီတွင် ပြည်ထောင်စု စာရင်းစစ်ချုပ်ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံရာ၌ ပိုမိုကျယ်ပြန့်ရှုပ်ထွေးလာသည့် ဘဏ္ဍာရေး၊ စီးပွားရေးဆက်သွယ်မှုများနှင့် နိုင်ငံတကာဘဏ္ဍာငွေကြေးပြဿနာ ကိစ္စရပ်များတွင် စာရင်းစစ်ကဏ္ဍသည် လွန်စွာအရေးပါလာကြောင်း၊ မိမိတို့ဘက်မှ မြန်မာနိုင်ငံနှင့် စာရင်းစစ်ကဏ္ဍတွင် အပြန်အလှန် ပူးပေါင်းဆောင်ရွက်ရန် ဆန္ဒရှိပါကြောင်း၊ စာရင်းစစ်ကဏ္ဍရပ်များတွင် ရင်ဆိုင်ကြုံတွေ့ရသည့် စိန်ခေါ်မှုများကို အကောင်းဆုံးဖြေရှင်းနိုင်ရန် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများ၊ ကမ္ဘာ့နိုင်ငံများနှင့်ဆက်ဆံ၍ အချင်းချင်း အတွေ့အကြုံများဖလှယ်ကာ ပူးပေါင်းကြိုးပမ်းစွမ်းဆောင်ရန် ပိုမိုလိုအပ်လာပါကြောင်း၊ မြန်မာနိုင်ငံ၏ တိုးတက်ပြုပြင်ပြောင်းလဲမှုများကို တွေ့မြင်ရ၍ ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးလွန်းမောင်က စာရင်းစစ်ကဏ္ဍအပါအဝင် နယ်ပယ်ကဏ္ဍအများအပြားရှိ မိမိတို့နှစ်နိုင်ငံအကြား ဆက်သွယ်မှုများသည် နီးစပ်ပြီး ပိုမိုကျယ်ပြန့်လာပါကြောင်း၊ ဗီယက်နမ်နိုင်ငံနှင့် စစ်ဆေးရေးလုပ်ငန်းအတွေ့အကြုံများဖလှယ်ပြီး နှစ်နိုင်ငံ အကျိုးတူပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

မြန်မာနိုင်ငံကိုယ်စားလှယ်အဖွဲ့သည် ဗီယက်နမ်နိုင်ငံ စာရင်းစစ်ချုပ်ရုံး၊ အမှတ်(၁) ဒေသစာရင်းစစ်ရုံးနှင့် အမှတ်(၆) ဒေသစာရင်းစစ်ရုံးများသို့ သွားရောက်၍ ဗီယက်နမ်စာရင်းစစ်ချုပ် H. E. Mr. Dinh Tien Dung၊ ဒုတိယစာရင်းစစ်ချုပ် H. E. Mr. Cao Tan Khong ၊ တာဝန်ရှိသူများနှင့် တွေ့ဆုံကာ ဖြစ်ပေါ်တိုးတက်မှုများ၊ နှစ်နိုင်ငံ စာရင်းစစ်ချုပ်ရုံးများအကြား ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်နိုင်ခဲ့မှုနှင့် နောင်အလားအလာများအခြေအနေကို ဆွေးနွေးခဲ့ကြသည်။

ထို့နောက် လုပ်ငန်းစွမ်းဆောင်ရည် အရည်အသွေးမြှင့်တင်ရန်၊ နားလည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုအပိုင်း မြှင့်တင်ရန်၊ စစ်ဆေးရေးလုပ်ငန်းဖြင့် ပြည်သူများသို့ ရှင်းလင်းတင်ပြမှုနှင့် ပွင့်လင်းမြင်သာရှိမှု ပိုမိုတိုးတက်ဖြစ်ပေါ်စေရန်အတွက် ပိုမိုကြိုးပမ်းဆောင်ရွက်ရန် ဆုံးဖြတ်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပြည်ထောင်စု စာရင်းစစ်ချုပ် ဦးလွန်းမောင်နှင့် ဗီယက်နမ်နိုင်ငံ National Assembly ဥက္ကဋ္ဌ H. E. Mr. Nguyen Sinh Hung တို့ တွေ့ဆုံစဉ်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၁၃-၂-၂၀၁၂ (တနင်္လာနေ့)

၇း၀၅ တရားတော်
၈း၁၅ မြန်မာစာမြန်မာစကား(၈)
၄း၁၅ စိုက်ပျိုးသုတ
၅း၀၀ ၂၀၁၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအထောက်အကူပြု သင်ခန်းစာ (ရူပဗေဒ)
၅း၃၀ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ဟာသလွင်ပြင် (အပိုင်း-၇၉)**
၆း၂၀ သံစဉ်လမ်းကလင်းလက်ကြယ်
၇း၀၀ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -သစ္စာစေတမန်(အပိုင်း-၁၆)**
Talk of The Town
မေးမြန်းစူးစမ်း
ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -တစ်နေ့သောအခါ (အပိုင်း-၁၅)
Mini Series

သစ်တော
သစ်ပင်
ဒို့ချစ်ခင်
အစဉ်စိုက်ပျိုး
အလှတိုး

(၆၄)ကြိမ်မြောက် တိပိဋကဓရ၊ တိပိဋကကောဝိဒရွေးချယ်ရေး စာမေးပွဲ သဘောရေးဖြေနှင့် အာဂုံပြန်အောင်စာရင်း

(ယမန်နေ့မှအဆက်)

ဝိနယပိဋက၊ ဝိနည်းပထမပိုင်းနှစ်ကျမ်းအာဂုံအောင် ဥဘတောဝိဘင်္ဂဓရ (၄၄)ပါးအဆက်

ပလ္လင်အမှတ်(၁၂၀) အရှင်ခေမိဿရ၊ အသက်(၂၄)နှစ်၊ သိက္ခာ(၃)ဝါ၊ တိပိဋ္ကက မဟာဂန္ဓာရုံကျောင်းတိုက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

ပလ္လင်အမှတ်(၁၂၂) အရှင်အင်္ဂိရ၊ အသက်(၂၁)နှစ်၊ သိက္ခာ(၁)ဝါ၊ နဘူးကျင်းရွာဦးကျောင်းတိုက်၊ရမည်းသင်းမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

ပလ္လင်အမှတ်(၁၂၆) အရှင်ကောသလ္လ၊ အသက်(၃၃)နှစ်၊ သိက္ခာ(၁၃)ဝါ၊ မဟာဝိသုတာရာမဈေးကုန်းကျောင်းတိုက်၊ ပျဉ်းမနားမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

ပလ္လင်အမှတ်(၁၃၆) အရှင်အဂ္ဂစာရ၊ အသက်(၂၇)နှစ်၊ သိက္ခာ(၇)ဝါ၊ တိပိဋ္ကက နိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း စစ်ကိုင်းမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး

ပလ္လင်အမှတ်(၁၃၉) အရှင်နန္ဒိမာလင်္ကာရ၊ အသက်(၂၇)နှစ်၊ သိက္ခာ(၇)ဝါ၊ တိပိဋ္ကက နိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း စစ်ကိုင်းမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး

ပလ္လင်အမှတ်(၁၄၅) အရှင်သောဘဏ၊ အသက်(၂၆)နှစ်၊ သိက္ခာ(၆)ဝါ၊ တိပိဋ္ကက နိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း စစ်ကိုင်းမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး

ပလ္လင်အမှတ်(၁၄၈) အရှင်စန္ဒသာရ၊ အသက်(၂၅)နှစ်၊ သိက္ခာ(၅)ဝါ၊ တိပိဋ္ကက နိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း စစ်ကိုင်းမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး

ပလ္လင်အမှတ်(၁၄၉) အရှင်အာလောက၊ အသက်(၂၅)နှစ်၊ သိက္ခာ(၅)ဝါ၊ မဟာဝိသုဒ္ဓါရုံရွှေကျင်ကျောင်းတိုက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

ပလ္လင်အမှတ်(၁၅၀) အရှင်နေမိန္ဒာလင်္ကာရ၊ အသက်(၂၅)နှစ်၊ သိက္ခာ(၅)ဝါ၊ တိပိဋ္ကက မဟာဂန္ဓဝင်နိကာယကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

ပလ္လင်အမှတ်(၁၅၂) အရှင်စန္ဒိမာလင်္ကာရ၊ အသက်(၂၅)နှစ်၊ သိက္ခာ(၄)ဝါ၊ သာသနာ့အလင်းရောင်ကျောင်းတိုက်၊ ဒေါပုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

ပလ္လင်အမှတ်(၁၅၃) အရှင်ပညာသာမိလင်္ကာရ၊ အသက်(၂၃)နှစ်၊ သိက္ခာ(၄)ဝါ၊ တိပိဋ္ကက မဟာဂန္ဓာရုံကျောင်းတိုက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး (အထူးအောင်)

ပလ္လင်အမှတ်(၁၅၅) အရှင်ပညိန္ဒြိယ၊ အသက်(၂၄)နှစ်၊ သိက္ခာ(၄)ဝါ၊ နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

ပလ္လင်အမှတ်(၁၅၉) အရှင်ဇနိတာလင်္ကာရ၊ အသက်(၂၃)နှစ်၊ သိက္ခာ(၃)ဝါ၊ တိပိဋ္ကက မဟာဂန္ဓာရုံကျောင်းတိုက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

ပလ္လင်အမှတ်(၁၆၀) အရှင်ဥဇ္ဇောတာလင်္ကာရ၊ အသက်(၂၄)နှစ်၊ သိက္ခာ(၃)ဝါ၊ မဟာဝိသုဒ္ဓါရုံရွှေကျင်ကျောင်းတိုက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

ပလ္လင်အမှတ်(၁၆၂) အရှင်အနုတ္တရ၊ အသက်(၂၁)နှစ်၊ သိက္ခာ(၂)ဝါ၊ တိပိဋ္ကက နိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း စစ်ကိုင်းမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး

ပလ္လင်အမှတ်(၁၆၄) အရှင်တေဇနိယ၊ အသက်(၂၁)နှစ်၊ သိက္ခာ(၂)ဝါ၊ တိပိဋ္ကက မဟာဂန္ဓာရုံကျောင်းတိုက်၊ မှော်ဘီမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

ပလ္လင်အမှတ်(၁၈၁) အရှင်ဇနပ္ပိယာလင်္ကာရ၊ အသက်(၂၈)နှစ်၊ သိက္ခာ(၇)ဝါ၊ စည်ရှင်ကျောင်း၊ မဟာဝိသုဒ္ဓါရုံတိုက်သစ်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

ပလ္လင်အမှတ်(၁၈၃) အရှင်ပညာသိရီလင်္ကာရ၊ အသက်(၂၆)နှစ်၊ သိက္ခာ(၆)ဝါ၊ တိပိဋ္ကက နိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း စစ်ကိုင်းမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး

ပလ္လင်အမှတ်(၁၈၈) အရှင်သီရိန္ဒ၊ အသက်(၂၆)နှစ်၊ သိက္ခာ(၆)ဝါ၊ တိပိဋ္ကက မဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

ပလ္လင်အမှတ်(၁၉၀) အရှင်ဓမ္မာနန္ဒာလင်္ကာရ၊ အသက် (၂၇)နှစ်၊ သိက္ခာ(၆)ဝါ၊ တိပိဋ္ကက ဓမ္မပါလကျောင်းတိုက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

ပလ္လင်အမှတ်(၁၉၂) အရှင်စန္ဒာဝရ၊ အသက် (၂၄)နှစ်၊ သိက္ခာ(၅)ဝါ၊ မဟာသုခါရာမကျောင်းတိုက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

ပလ္လင်အမှတ်(၁၉၄) အရှင်ပဝရ၊ အသက် (၂၄)နှစ်၊ သိက္ခာ(၅)ဝါ၊ မဟာသုခါရာမကျောင်းတိုက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

ပလ္လင်အမှတ်(၂၀၅) အရှင်အာဒိစ္စဇောတိ၊ အသက် (၂၃)နှစ်၊ သိက္ခာ(၄)ဝါ၊ တိပိဋ္ကက ဓမ္မပါလကျောင်းတိုက်၊ မုံရွာမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး

ပလ္လင်အမှတ်(၂၀၈) အရှင်ပဏ္ဍိတ၊ အသက်(၂၃)နှစ်၊ သိက္ခာ(၃)ဝါ၊ အရှေ့ကျောင်းပရိယတ္တိစာသင်တိုက်၊ မိုးညှင်းမြို့နယ်၊ ကချင်ပြည်နယ်

ပလ္လင်အမှတ်(၂၁၁) အရှင်ဥတ္တမသာရာလင်္ကာရ၊ အသက် (၂၃)နှစ်၊ သိက္ခာ(၂)ဝါ၊ စွန်းလွန်းဂူဝိပဿနာကျောင်းတိုက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

ပလ္လင်အမှတ်(၂၁၃) အရှင်သဒ္ဓမ္မသိရီ၊ အသက် (၂၂)နှစ်၊ သိက္ခာ(၂)ဝါ၊ ပြည်လုံးချမ်းသာဘုရားကြီးကျောင်း၊ ဒိုက်ဦးမြို့၊ ပဲခူးတိုင်းဒေသကြီး

(သတင်းစဉ်)

အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၁၂ - ၂ -၂၀၁၂

ငွေကြေးစနစ်	တစ်ဒေါ်လာလျှင်ယူနစ်	တစ်ယူနစ်လျှင်ဒေါ်လာ
ထိုင်း (ဘတ်)	၃၀. ၈၇၀၀	၀. ၀၃၂၃၉
တရုတ် (ယွမ်)	၆. ၂၉၄၃၀	၀. ၁၅၈၈၇
အိန္ဒိယ (ရူပီး)	၄၉. ၄၁၀၀	၀. ၀၂၀၂၄
မလေးရှား (ရင်းဂစ်)	၃. ၀၂၈၀၀	၀. ၃၃၀၂၅
စင်ကာပူ (ဒေါ်လာ)	၁. ၂၆၁၁၀	၀. ၇၉၂၉၆
ဂျပန် (ယန်း)	၇၇. ၆၃၀၀	၀. ၀၁၂၈၈
တောင်ကိုရီးယား(ဝမ်)	၁၁၂၃. ၄၅	၀. ၀၀၀၈၉
ယူရို	၀. ၇၅၇၈၅	၁. ၃၁၉၅၂
ဗြိတိသျှ (ပေါင်)	၀. ၆၃၄၇၄	၁. ၅၇၅၄၅

အင်တာနက်။

☆ ရှေ့ဖုံးမှ

(၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ်ညှော်ခံပွဲနှင့် ညစာစားပွဲတွင် ညစာမသုံးဆောင်မီနှင့် ညစာသုံးဆောင်နေစဉ်အတွင်း ဧည့်သည်တော်များအား မြန်မာ့အသံ ခေတ်ပေါ်တေးဂီတအဖွဲ့က ပဏာမဧည့်ခံတီးလုံးဖြင့် လည်းကောင်း၊ မြန်မာ့အသံ ခေတ်ပေါ်တေးဂီတအဖွဲ့နှင့် တွဲဖက်၍ ပြည်ထောင်စုတိုင်းရင်းသား တိုင်းရင်းသူများနှင့် တေးသံရှင်များက တေးသံသာများဖြင့် လည်းကောင်း ဧည့်ခံဖျော်ဖြေတင်ဆက်ကြသည်။

ဖျော်ဖြေတင်ဆက်

ညစာစားပွဲအပြီးတွင် မြို့တော်ခန်းမ လဟာပြင်ကဇာတ်ရုံ၌ ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များနှင့် ယဉ်ကျေးမှုတက္ကသိုလ်များမှ ကျောင်းသား ကျောင်းသူများက "ဝေဟင်ခရီးလေယာဉ်စီး"၊ "ပြည်ထောင်စုရထားခရီးသွား"၊ "ပန်းတိုင်ခရီးရေယာဉ်စီး" စသည့်တိုင်းရင်းသား တေးသရုပ်ဖော်အကများဖြင့် လည်းကောင်း၊ "တို့ပြည်ထောင်စုသား တေးသီချင်း" စုပေါင်းအကတို့ဖြင့်လည်းကောင်း ဖျော်ဖြေတင်ဆက် ကပြကြသည်။

(သတင်းစဉ်)

ရင်းရင်းနှီးနှီးနှုတ်ဆက်

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့ ၂၀၁၂ ခုနှစ် (၆၅)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ဧည့်ခံပွဲနှင့် ညစာစားပွဲ အခမ်းအနားသို့ တက်ရောက်ကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

(သတင်းစဉ်)

ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ လေကြောင်းပြပွဲတက်ရောက်ရန် စင်ကာပူနိုင်ငံသို့ထွက်ခွာ

နေပြည်တော် ဖေဖော်ဝါရီ ၁၂

စင်ကာပူသမ္မတနိုင်ငံ စင်ကာပူမြို့၌ ကျင်းပသည့် Singapore Air Show 2012 လေကြောင်းပြပွဲသို့ တက်ရောက်ရန် ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီး မြတ်ဟိန်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာကြရာ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဆန်းဦး၊ ဧရာဝတီ ရေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး၊ မင်္ဂလာဒုံလေတပ် စခန်းဌာနချုပ် ဌာနချုပ်မှူးနှင့် တပ်မတော်အရာရှိကြီးများ၊ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

ကာကွယ်ရေးဦးစီးချုပ်(လေ) ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင်များအဖြစ် ကာကွယ်ရေးဦးစီးချုပ်ရုံး (လေ)မှ ဗိုလ်မှူးကြီးလွင်ဦး၊ ဒုတိယဗိုလ်မှူးကြီး တင်အောင်ထွန်းနှင့် ဗိုလ်မှူးဟန်ဝင်းထွဋ်တို့ လိုက်ပါသွားကြပြီး အဆိုပါ လေကြောင်းပြပွဲကို ဖေဖော်ဝါရီ ၁၂ ရက်မှ ၁၆ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန် ဖေဖော်ဝါရီ ၁၂

ငှက်ဖျားရောဂါပျံ့နှံ့ခြင်း၏ အကျိုးသက်ရောက်မှုများကို လေ့လာရန် မွန်ပြည်နယ်အတွင်း သုတေသနပြုခဲ့ရာ ငှက်ဖျားရောဂါဖြစ်ပွားသော ပြင်ပလူနာ၊ အတွင်းလူနာနှင့် ပြင်းထန်ငှက်ဖျားဖြစ်ပွားမှုနှုန်းမှာ ၁၀ နှစ်အတွင်း ကျဆင်းလာကြောင်းသိရသည်။

အဆိုပါ သုတေသနကို မွန်ပြည်နယ်ရှိ မြို့နယ် ၁၀ မြို့နယ်တွင် ၂၀၀၁ ခုနှစ်မှ ၂၀၁၀ ခုနှစ်အတွင်း ငှက်ဖျားရောဂါ ပျံ့နှံ့ခြင်း၏ အကျိုးသက်ရောက်မှုများကို လေ့လာရန် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ငှက်ဖျားရောဂါဖြင့် သေဆုံးနှုန်းမှာ ၂၀၀၁ ခုနှစ်၌ လူတစ်သိန်းတွင် ၁၀ ဦးရှိရာမှ ၂၀၁၀ ခုနှစ်တွင် ၁ ဒသမ ၇ ဦးသို့ ကျဆင်းသွားကြောင်း၊ ယင်းသို့ကျဆင်းသွားမှုမှာ ငှက်ဖျားဆေးကျွေးခြင်းဆိုင်ရာ မူဝါဒပြင်ဆင်ပြီး ၂၀၀၈ ခုနှစ်တွင် အကောင်အထည်ဖော်ပြီးနောက်ပိုင်း ပိုမိုသိသာထင်ရှားလာကြောင်း၊ ထိုငှက်ဖျားရောဂါသတ်မှတ် ဖော်ထုတ်သည့် နည်းပညာများ ပိုမို၍ အားဖြည့်ပေးခြင်းအားဖြင့် ငှက်ဖျားရောဂါ လူနာများ ရှာဖွေခြင်းနှင့် ကုသခြင်းလုပ်ငန်းများတွင် ပိုမိုထိရောက်လာသည်ကို ရေးမြို့နယ်နှင့် ကျိုက်ထိုမြို့နယ်အတွင်း တွေ့ရှိရကြောင်း၊ သို့ရာတွင် အဆိုပါမြို့နယ်များ၌ ငှက်ဖျားရောဂါဖြစ်ပွားသေဆုံးမှုမှာ အခြားမြို့နယ်များနှင့် နှိုင်းယှဉ်ပါက ၂၀၁၀ ခုနှစ်တွင် အများဆုံးဖြစ်ပွားသည်ကို တွေ့ရှိရကြောင်း၊ ယင်းမှာ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့် လမ်းပန်းဆက်သွယ်မှု အခက်အခဲကြောင့် အချိန်မီ ညွှန်းပို့မှု မကြုံနိုင်ခြင်းနှင့် ကျန်းမာရေးပြုစု စောင့်ရှောက်မှုနှင့် ဆေးဝါးပစ္စည်းအားနည်းခြင်းတို့ကြောင့် ဖြစ်နိုင်ကြောင်း လေ့လာခဲ့သော သုတေသီ၏ အဆိုအရ သိရသည်။

မွန်ပြည်နယ်တွင် ငှက်ဖျားရောဂါဖြစ်ပွားမှုနှုန်း ၁၀ နှစ်အတွင်း ကျဆင်းလာကြောင်း တွေ့ရှိရ

၂၀၀၂ ခုနှစ်တွင် ဆေးစိမ်ခြင်ထောင်များကို သထုံနှင့် သံဖြူဇရပ်မြို့နယ်များရှိ ကျေးရွာ ၁၅ ရွာမှ အိမ်ခြေ ၄၅၈၃ လုံးကို ဝေငှနိုင်ခဲ့ရာမှ ၂၀၀၉-၂၀၁၀ ခုနှစ်များတွင် မြို့နယ်ငါးခုမှ အိမ်ခြေ ၆၀၀၀၀ ကျော်ကို တိုးမြှင့်ပေးဝေနိုင်သည်ကို တွေ့ရှိရပြီး ရေး၊ သံဖြူဇရပ်၊ ပေါင်မြို့နယ်များတွင် ရွှေ့ပြောင်းနေထိုင်သူများမှာ ၁၀၀၀၀ နှင့်အထက် ရှိနေခြင်းကြောင့် အဆိုပါမြို့များတွင် ရွှေ့ပြောင်းနေထိုင်သူများကို တွေ့နိုင်သည့်နေရာများ ခန့်မှန်းရေးအတွက် ရာသီအလိုက် မှတ်တမ်းပြုစုခြင်းနှင့် ငှက်ဖျားရောဂါဖြစ်ပွားမှုကို စောင့်ကြပ်ကြည့်ရှုသည့် လုပ်ငန်းစဉ်များအား ပိုမိုအလေးထားရန် လိုအပ်ကြောင်း စာတမ်းရှင်က ပြောကြားသည်။

(၆၈၀)

သီလရှင်စာသင်တိုက်သို့ လှူဖွယ်ပစ္စည်းများလှူဒါန်း

နေပြည်တော် ဖေဖော်ဝါရီ ၁၂

မွန်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် ပြည်နယ်မိခင်နှင့်ကလေး စောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့တို့ ပူးပေါင်း၍ မော်လမြိုင်မြို့ ခေမာသီရိ သီလရှင်စာသင်တိုက်သို့ ဆန်၊ ဆီ၊ ကြက်သွန် စသည့် လှူဖွယ်ပစ္စည်းများနှင့် ငွေလှူဒါန်းခြင်းအခမ်းအနားကို ဖေဖော်ဝါရီ ၁၀ ရက် နံနက် ၉ နာရီတွင် အဆိုပါ စာသင်တိုက်၌ ကျင်းပရာ **(ယာပုံ)** မွန်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်စန်းစန်း၊ ဥက္ကဋ္ဌ ဒေါ်စန်းစန်းလွင်နှင့် အဖွဲ့ဝင်များ၊ မော်လမြိုင်ခရိုင်နှင့် မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်မှု ကြီးကြပ်ရေး အဖွဲ့ဝင်များ တက်ရောက်ကြပြီး လှူဒါန်းမှု တန်ဖိုးမှာ ငွေကျပ် သုံးသိန်းကျော်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ဥတုရာသီ တောကိုမှီ၏

လူကုန်ကူးမှု တားဆီးကာကွယ်ရေးနှင့် ကျန်းမာရေးပညာပေးဟောပြော

နေပြည်တော် ဖေဖော်ဝါရီ ၁၂

လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် ကျန်းမာရေးအသိပညာပေးဟောပြောပွဲကို ဖေဖော်ဝါရီ ၇ ရက်တွင် ဆိပ်ဖြူမြို့ အမျိုးသမီးအိမ်တွင်းမှု သင်တန်းကျောင်း၌ ကျင်းပသည်။

အဆိုပါ ဟောပြောပွဲတွင် မြို့နယ် အုပ်ချုပ်ရေးမှူး ဦးရဲထွဋ်နိုင်က အမှာစကား ပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကျော်စိုးက လူကုန်ကူးမှု တားဆီးကာကွယ်ရေးသိကောင်းစရာများ၊ မြို့နယ်ဆရာဝန် ဒေါက်တာ သန်းသန်းချစ်က ကျန်းမာရေးအကြောင်း သိကောင်းစရာများကို ဟောပြောခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အကြိမ် (၉၀)မြောက်သွေးလှူ

နေပြည်တော် ဖေဖော်ဝါရီ ၁၂

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်တွင်းအခွန်များ ဦးစီးဌာန တောင်ကြီးမြို့နယ် အခွန်ဦးစီးဌာနမှူးရုံးမှ ဦးစီးအရာရှိ ဦးဇော်ဝင်း **(ဓါတ်ပုံ)** (လူမှုထူးချွန်ပထမအဆင့်) သည် ဖေဖော်ဝါရီ ၇ ရက် နံနက်ပိုင်းတွင် တောင်ကြီးမြို့ စဝ်စံထွန်းဆေးရုံ အမျိုးသားသွေးလှူဘဏ်၌ အကြိမ် (၉၀)မြောက် သွေးလှူဒါန်းခဲ့ကြောင်း သိရသည်။ (သတင်းစဉ်)

YPGG ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၂

ယုဇနပလာဇာ ဂေါက်သီးရိုက်အသင်း (YPGG) ရန်ကုန်၏ (၄၄)ကြိမ်မြောက် ဂေါက်သီးရိုက်ပြိုင်ပွဲကို ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီ ၂၁ ရက် (အင်္ဂါနေ့) နံနက် ၆ နာရီခွဲတွင် ရန်ကုန်မြို့တော်ဂေါက်ကွင်း (မြကန်သာ)၌ ကျင်းပမည်ဖြစ်ပါ၍ အသင်းသားတိုင်း ပါဝင်နိုင်ရန်နှင့် အသေးစိတ်သိလိုပါက ဦးချစ် ဖုန်း-၀၉-၅၁၀၅၄၃၅၊ ဦးတင်ရွှေ ဖုန်း-၀၉-၀၅၁၆၈၁၇၈၊ ဦးကျော်ဝင်း ဖုန်း-၀၉-၅၁၅၄၄၀၈ နှင့် ဦးထွန်းထွန်းဦး ဖုန်း-၀၉-၅၀၁၆၆၁၆ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

အကယ်ဒမီဆုရ ဇာတ်ကားများ ပြသ

ရန်ကုန်မြို့ သမ္မတ၊ သွင်၊ နဝဒေးနှင့် မော်တင်ဂျန်းရှင်းရုပ်ရှင်ရုံများတွင် ဖေဖော်ဝါရီ ၁၀ ရက် (သောကြာနေ့)တွင် ပြသဆဲ "အချစ်ကွိုင်" ဇာတ်ကားပြသပြီး မင်္ဂလာရုံတွင် SIN GHAN ဇာတ်ကား ပြသသည်။

နေပြည်တော် အဆင့်မြင့်ရုပ်ရှင်ရုံတွင် ၂၀၁၀ ခုနှစ်အတွက် အကယ်ဒမီသုံးဆုရ အာဒမ်ရယ် ဧဝရယ် ဒသရယ် ဇာတ်ကားကြီးကို Valentine day (ချစ်သူများနေ့)အတွက် အထူးအစီအစဉ်အဖြစ်တင်ဆက်ပြသသည်။ အမျိုးသားဇာတ်ဆောင် အကယ်ဒမီဆုရ ပြေတီဦး၊ အမျိုးသမီးဇာတ်ဆောင်အကယ်ဒမီဆုရ သက်မွန်မြင့်တို့၏ ပီပြင်စွာ သရုပ်ဆောင်မှုကို ဇာတ်ညွှန်းနှင့် ဒါရိုက်တာ ဝိုင်းက ပိုင်ပိုင်နိုင်နိုင်ရိုက်ကူးထားသည့် အကယ်ဒမီသုံးဆုရ ဇာတ်ကားကြီးကို ထပ်မံကြည့်ရှုနိုင်ရန် ပြသသည်။

ဝဇီရာ(၁)၊ (၂)၊ လှိုင်သာယာ၊ ရွှေဗဟိုရ်၊ ဘုရင့်နောင်ရုံများတွင် ၂၀၁၀ ခုနှစ် ရုပ်ရှင်အကယ်ဒမီဇာတ်ပို့ဆုရ ဝါဝါအောင် သရုပ်ဆောင်သည့် "အမေ့ကျေးဇူးဆပ်ဖူးချင်တယ်"ရုပ်ရှင်ကားကြီးကို ကြည့်ရှုနိုင်ကြောင်း သိရသည်။

ရန်ကုန်မြို့ အင်းစိန်မြို့နယ်နေ ဦးဝင်းမြင့်-ဒေါ်အေးအေး မိသားစုက ဇီဝိတဒါနသံဃာ့ဆေးရုံကြီး (ရန်ကုန်)၌ ဆောက်လုပ်နေသော သံဃာဆေးကုသဆောင်သစ်ကြီးအတွက် အလှူငွေ၊ သံဃာနှစ်ပါးစာ ခုတင်၊ ဗီရို၊ မွေ့ရာနှစ်စုံနှင့် ထာဝရဆွမ်း၊ ဆေး၊ ငွေနှင့် I.O.L ပဒေသာပင်အလှူငွေနှင့် ဆွမ်း တစ်နေ့တာ အလှူငွေ စုစုပေါင်း ငွေကျပ် ၂၇ သိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမောင်မောင် လက်ခံစဉ်။ (ဇီဝိတဒါနသံဃာ့ဆေးရုံ)

ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ ပုဗ္ဗသီရိမြို့နယ်အတွင်း မိုးပွင့်အဆင့်(၂)စီမံချက်ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ဆောင်ရွက်ပေးနေမှု ကြည့်ရှုအားပေး

နေပြည်တော် ဖေဖော်ဝါရီ ၁၂

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီသည် ယနေ့နံနက် ၈ နာရီ ၄၅ မိနစ်တွင် နေပြည်တော် ပုဗ္ဗသီရိမြို့နယ် ကျည်တောင်ကန်ကျေးရွာရှိ သီရိမင်္ဂလာ ဘုန်းတော်ကြီးကျောင်းတိုက်အတွင်း၌ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဝန်ထမ်းများနှင့် မြို့နယ်နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးရေးလုပ်ငန်း စိစစ်ကြီးကြပ်ရေးအဖွဲ့ဝင်များက (၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ကိုဂုဏ်ပြုသောအားဖြင့် အများပြည်သူရုံးပိတ်ရက်တွင် ဒေသခံပြည်သူများအား အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများအား မိုးပွင့်အဆင့်(၂) စီမံချက်ဖြင့် ကွင်းဆင်းဆောင်ရွက်ပေးနေမှုကို ကြည့်ရှုအားပေးသည်။

ထို့နောက် ဒေသခံကျေးရွာပြည်သူများအား လုပ်ငန်းဆိုင်ရာအခက်အခဲများကို ရင်းနှီးပွင့်လင်းစွာ မေးမြန်း၍ တာဝန်ရှိသူများနှင့် ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်သန်းက အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးခြင်းလုပ်ငန်းနှင့်ပတ်သက်၍ သိသင့်သိထိုက်သည်များကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက မိမိတို့ဌာနအနေဖြင့် မိုးပွင့်အဆင့်(၂) စီမံချက်ဖြင့် ကွင်းဆင်းဆောင်ရွက်ပေးမှု၊ ပြည်သူများအပိုင်းကလည်း စနစ်တကျဂရုပြုကိုင်တွယ်ထိန်းသိမ်းကြရေး၊ မိုးပွင့်အဆင့်(၁) ဆောင်ရွက်စဉ်က ကြုံတွေ့ရသည့် အခက်အခဲများကို ပြန်လည်ပြုပြင်ဆောင်ရွက်ထားရှိမှု၊ မိမိဌာနနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ ပေါင်းစပ်ဆောင်ရွက်ရမည့်အခြေအနေ၊ ၂၀၁၄ ခုနှစ်တွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့်ဆောင်ရွက်မည့် ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းအတွက် မကြာမီဆောင်ရွက်မည့် မြေပုံရေးဆွဲခြင်းလုပ်ငန်းတွင် ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ရပ်မိရပ်ဖများနှင့် လူမှုရေးအသင်းအဖွဲ့များက တစ်တပ်တစ်အား ပူးပေါင်းပါဝင်ကူညီဆောင်ရွက်ပေးကြရေး အခြေအနေများနှင့် စပ်လျဉ်း၍ အကျယ်တဝင့် ရှင်းလင်းပြောကြားကာ ဒေသခံပြည်သူများ၏ သိရှိလိုသည့် မေးမြန်းချက်များအပေါ် ပြန်လည်ရှင်းလင်းဖြေကြားပြီး ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ နေပြည်တော် ပုဗ္ဗသီရိမြို့နယ် ကျည်တောင်ကန်ကျေးရွာရှိ သီရိမင်္ဂလာ ဘုန်းတော်ကြီးကျောင်းတိုက်အတွင်း၌ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများအား မိုးပွင့်အဆင့်(၂) စီမံချက်ဖြင့် ကွင်းဆင်းဆောင်ရွက်ပေးနေမှုကို ကြည့်ရှုအားပေးစဉ်။

(သတင်းစဉ်)

ပြည်ကြီးတံခွန်မြို့နယ် မင်းကြီးရန်နောင်လမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲ ကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၁၂

(၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် မန္တလေးခရိုင် ပြည်ကြီးတံခွန်မြို့နယ် သင်ပန်းကုန်းရပ်ကွက်ရှိ မင်းကြီးရန်နောင်လမ်း အရှည် ပေ ၃၉၀၀ ရှိ ကိုယ့်အားကိုယ်ကိုးကတ္တရာလမ်းဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၁ ရက် နံနက် ၉ နာရီတွင် အဆိုပါလမ်းထိပ်ရှိ မင်္ဂလာမုခ်ဦး၌ ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူများ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာအသီးသီးမှ ဖိတ်ကြားထားသူများ၊ လမ်းဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ညွန့်နှင့် ကော်မတီဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့၊ ကြက်ခြေနီနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများနှင့် ရပ်ကွက်ပြည်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တာဝန်ရှိသူများက ကတ္တရာလမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး လမ်းတစ်လျှောက် ဖြတ်သန်းကြည့်ရှုကြသည်။

ယနေ့ဖွင့်လှစ်သော မင်းကြီးရန်နောင်လမ်း ဒိစ္စတြိတ်ရေမြောင်း (တံတားဖြူ) တံတားမှ ပြင်ဦးလွင် သံလမ်းအထိ အရှည် ပေ ၃၉၀၀ အား မြို့တော်စည်ပင်မှ ထည့်ဝင်ငွေအပြင် ဦးကျော်ဝင်း (အိမ်ခြံမြေ အကျိုးဆောင်)က မတည်အလှူငွေကျပ်သိန်း ၂၀၀ အပါအဝင် ပြည်သူပူးပေါင်းထည့်ဝင်ငွေကျပ် ၄၉၁ သိန်း စုစုပေါင်း ငွေကျပ် ၇၃၇ သိန်း အကုန်အကျခံ ကတ္တရာခင်းခြင်းဖြစ်ပြီး ကျန်ရှိသော ပြင်ဦးလွင်သံလမ်းမှ ပြင်ဦးလွင်ကားလမ်းအထိ ပေ ၁၁၁၀၀ ကို ကျောက်ချောလမ်းအဖြစ် ဆက်လက်တိုးမြှင့်ဆောင်ရွက်ရန် အဆိုပါလမ်းကော်မတီနှင့် ရပ်မိရပ်ဖများက စီစဉ်လျက်ရှိကြောင်း သိရသည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

၁၃-၂-၂၀၁၂ (တနင်္လာနေ့)

AM & PM

၅း၄၀	"အရှုံးပေးမှ အနိုင်ရတယ်" တရားတော် (ဆရာတော် ဘဒ္ဒန္တပညာသာရ)
၆း၂၅	စွယ်တော်လေးဆူ ဆုပန်ယူ
၁၀း၁၀	Celebrity Choice (အေသင်ချိုဆွေ)
၁၀း၅၅	မြန်မာမှုနှင့်အတူ ဒေါင်းရွှေအလှူ
၁၂း၃၀	Silk & Style 4th Anniversary
၄း၀၀	MNL MYANMAR 2012 (Manaw Myay Vs Mawyawady) (LIVE)
၆း၁၅	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "စိတ်၏စေရာ" (အပိုင်း-၁၁၅)**
၇း၀၀	Queen Oramin-F Contest (Part-1)
၇း၃၀	Miss Lily 2012 (Part-1)
၈း၃၀	သီချင်းကောင်းကောင်း သီချင်းတောင်း
၉း၂၀	The Shop Around The Corner (Part-21)
၉း၃၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပန်းသုံးပွင့်လေညွှန်ရာ" (အပိုင်း-၆၈)**
၁၀း၂၀	Sunday Talk (ဦးထွန်းလွင်၊ မျိုးမြတ်သူ)
၁၀း၄၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "တေးသွားဧကရီ" (အပိုင်း-၁၅)**
၁၁း၃၀	**အမေကျေးနပ်မှာပါ** (ဇင်ဘိုချမ်း၊ ဝိုင်းစုခိုင်သိန်း) (ဒါရိုက်တာ-အဓိပတိမောင်မောင်ဦး)
၁း၅၀	International Show Biz
၁၂း၅၀	ကျန်းမာရေးကဏ္ဍ (ကိုယ်ဝန်ဆောင်မိခင်ကျန်းမာရေး) (ဒေါက်တာခင်မောင်လွင်၊ ဒေါက်တာသိဂီမြင့်၊ သရုပ်ဆောင်မေကဗျာ)
၁း၂၅	အများမြင်စရာ နှစ်ပါးသဘင်မဟာ
၂း၃၀	အနာဂတ် ရင်သွေးငယ်များ၏ အရည်အသွေး (ပါမောက္ခ ဒေါက်တာမြင့်မောင်မောင်)
၂း၄၅	ဒို့တိုင်းဌာနီရောဝတီ
၄း၃၅	ဆန္ဒပြည့်ဝ. . . ဖူးကြမသွေ နှစ်ဆန်ဗုဒ္ဓေ

ရန်ကုန်ပညာရေးတက္ကသိုလ် ဘီအီးဒီ ပညာရေးဖောင်ဒေးရှင်း ဒုတိယအကြိမ် ပညာသင်ဆုပေးအပ်

ရန်ကုန် ဖေဖော်ဝါရီ ၁၂

ဉာဏ်ရည်မြင့်မားသော်လည်း ပညာဆက်လက်သင်ကြားရန် အခက်အခဲရှိသော ရန်ကုန်ပညာရေးတက္ကသိုလ်မှ ဘီအီးဒီ မျိုးဆက်သစ်ကျောင်းသားကျောင်းသူ ၃၀ တို့အား ဘွဲ့ရရှိသည်အထိ ပညာသင်ဆု ချီးမြှင့်ပေးအပ်ပွဲကို ဖေဖော်ဝါရီ ၃ ရက်က ရန်ကုန်ပညာရေးတက္ကသိုလ် အစည်းအဝေးခန်းမ၌ ကျင်းပရာ ပါမောက္ခချုပ် ဒေါက်တာအောင်မင်းနှင့် ပါမောက္ခများ၊ ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးထွန်းအောင်ကျော်နှင့် အဖွဲ့ဝင်များ၊ ပညာသင်ဆုရ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ထို့နောက် ၂၀၁၁-၂၀၁၂ ပညာသင်နှစ်တွင် ပညာသင်ဆုရ ပထမနှစ် လေးဦး၊ ဒုတိယနှစ် ခုနစ်ဦး၊ တတိယနှစ် ကိုးဦး၊ စတုတ္ထနှစ် ၁၀ ဦးတို့အား ပါမောက္ခချုပ် ဒေါက်တာအောင်ဝင်းနှင့် ပါမောက္ခများ၊ ဖောင်ဒေးရှင်းအဖွဲ့ဝင်များက ပညာသင်ဆုများ ချီးမြှင့်ကြသည်။ **(အပေါ်ပုံ)**

အဆိုပါ ဘီအီးဒီဘွဲ့ရများ ဖွဲ့စည်းထားသည့် ဘီအီးဒီပညာရေးဖောင်ဒေးရှင်းသည် တစ်နိုင်ငံလုံးမှ ဘီအီးဒီဘွဲ့ရများ ထည့်ဝင်ငွေနှင့် ပြင်ပစေတနာရှင် အလှူရှင်များ ထည့်ဝင်ငွေများကို စုပေါင်းလျက် ကမ္ဘောဇဘဏ်၌ စာရင်းဖွင့်အပ်နှံထားပြီး အရင်းမပျောက်၊ အတိုးကိုသာ ပညာသင်ဆုအဖြစ် တစ်ဦးလျှင် ငွေကျပ်နှစ်သောင်းစီကို မျိုးဆက်သစ် ဘီအီးဒီ ကျောင်းသား ကျောင်းသူ ၃၀ တို့အား ဘီအီးဒီဘွဲ့ရသည်အထိ လစဉ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(ကြေးမုံ)

ကျန်းမာရေးစောင့်ရှောက်မှုများ အင်းစိန်မြို့နယ်၌ ဆောင်ရွက်

ရန်ကုန် ဖေဖော်ဝါရီ ၁၂

ရန်ကုန်မြို့ အင်းစိန်မြို့နယ် မြို့သစ်(ဂ) ရပ်ကွက်တွင် မြို့နယ်ကျန်းမာရေးဦးစီးဌာနအောက်ရှိ ကျန်းမာရေးဝန်ထမ်းများက ဖေဖော်ဝါရီ ၆ ရက် မွန်းတည့်မှ ညနေပိုင်းအထိ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ သုံးလအထက် ကိုယ်ဝန်ဆောင်မိခင်များနှင့် ကလေးငယ်များကို ကျန်းမာရေးစောင့်ရှောက်မှုပေးပြီး သုံးလအထက် ကိုယ်ဝန်ဆောင်မိခင် ၁၇ ဦးတို့အား မေးခိုင်ကာကွယ်ဆေး ထိုးပေးခြင်းများ၊ ကလေးများတွင် ဖြစ်ပွားတတ်သော ရောဂါများ မဖြစ်ပွားစေရန် ကာကွယ်ဆေးခြောက်မျိုးဖြင့် ကြိုတင်ကာကွယ်ဆေးများ ဆေးထိုးတိုက်ကျွေးခဲ့ကြောင်း သိရသည်။

(၆၈၄)

မပြောမပြီး မတီးမမြည်

ဈေးရောင်းရင်း ကုသိုလ်ယူတတ်ပါစေ

လူတို့၏ စားသောက်နေထိုင်မှု ပုံစံများသည် ခေတ်ရေစီးကြောင်းနှင့်အတူ မျောပါပြောင်းလဲနေရာ နိုင်ငံအတွင်းသို့ အနောက်တိုင်း၊ အရှေ့တိုင်း ယဉ်ကျေးမှုအစားအစာများ ထိုးဖောက်ဝင်ရောက်လျက်ရှိသည်။

ပလက်ဖောင်းပေါ်၌ အဖုံးအအုပ်မဲ့စွာ ရောင်းချနေသော ကိုရီးယားအကင်နှင့် အကြော်ဆိုင်တစ်ဆိုင်ကို တွေ့ရစဉ်။

အစားအသောက်များကို ဟိုတယ်များ၊ စားသောက်ဆိုင်ကြီးများနှင့် လမ်းဘေးပလက်ဖောင်းများ၌ ပုံသဏ္ဍာန်အမျိုးမျိုးဖြင့် တည်ခင်းရောင်းချနေကြပြီး ရောင်းအားကောင်းလျက်ရှိကြောင်း သိရသည်။ ခေတ်စနစ်အရ ပြောင်းလဲလာသော အစားအသောက်များသည် အမျိုးအမည် အသစ်များဖြစ်သလို အစားအသောက်အချို့သည် ရေရှည်စားသုံးပါက ကျန်းမာရေးကို ထိခိုက်မှုများရှိတတ်ကြောင်း ကျန်းမာရေးစစ်တမ်းများအရ လေ့လာသိရှိနေရပြန်သည်။ ပြည်သူလူထုအကြား ရေပန်းစား စားသုံးမှုများလာသည့် အကင်များ၊ အပြုတ်များ၊ အကြော်အလှော်များ၊ အစိမ်းစား အစားအစာများနှင့် အသင့်စားအစားအစာများသည် နည်းစနစ်မှန်စွာ၊ သန့်ရှင်းစွာ စနစ်တကျကိုင်တွယ်ချက်ပြုတ် ရောင်းချရန် လိုအပ်ပေသည်။

ရန်ကုန်မြို့အပါအဝင် မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာပေါင်းစုံ၌ တစ်ပိုင်တစ်နိုင်ရောင်းချ၍ ဝမ်းစာရှာဖွေနေသော ဈေးသည်များသည် မိမိ၏ အကျိုးစီးပွားတစ်ခုတည်းကိုသာ မကြည့်ဘဲ စားသုံးသူပြည်သူများ၏ ကျန်းမာရေးကိုလည်း ကြည့်ရှုသင့်ပေသည်။ စားသောက်ဆိုင်ကြီးအချို့နှင့် လမ်းဘေး၌ ရောင်းချနေသော တစ်ပိုင်တစ်နိုင် ဈေးသည်အချို့သည် အစားအသောက်များကို ရောင်းချရာတွင် အဖုံးအအုပ်မရှိဘဲ ရောင်းချခြင်း၊ ရက်ကြာပစ္စည်းများ ပြန်လည်သုံးစွဲခြင်း၊ သန့်ရှင်းစင်ကြယ်မှု အားနည်းခြင်းများ ရှိသည်ကို တွေ့နေရပါသည်။

လမ်းဘေးဈေးသည်များ အနေဖြင့် မိမိရောင်းကုန်များကို ဖုန်၊ သဲ မဝင်အောင်နှင့် ယင်အန္တရာယ်မှ ကင်းဝေးအောင် နည်းအမျိုးမျိုးကြံဆ၍ ရောင်းချသင့်ပေသည်။ ထို့အပြင် စားသောက်ဆိုင်ကြီးအချို့သည်လည်း ချက်ပြုတ်သည့် မီးဖိုခန်းအတွင်း၌ ကုန်ကြမ်းပစ္စည်းများကို လုံခြုံသန့်ရှင်းစွာမထားခြင်း၊ ပစ္စည်းများသုံးစွဲရာတွင် ရက်ကြာပစ္စည်းများ ပြန်လည်အသုံးပြုခြင်း၊ ပြန်ကြော်ဆီများ အထပ်ထပ်သုံးခြင်း၊ ပစ္စည်းများကိုင်တွယ်ဆေးကြောရာတွင် သန့်ရှင်းမှုမရှိခြင်း၊ ကြွက်၊ ခြင်၊ ယင်နှင့် အင်းဆက်ပိုးမွှားများ ခိုအောင်းနိုင်အောင် မီးဖိုချောင်အတွင်း ရှုပ်ပွညစ်ပတ်နေခြင်းများကြောင့် စားသုံးသူပြည်သူများ၏ ကျန်းမာရေးကို ထိခိုက်စေနိုင်သည်မှာ အမှန်ပင်ဖြစ်သည်။

ရန်ကုန်မြို့ရှိ နာမည်ကြီးစားသောက်ဆိုင်ကြီးတစ်ဆိုင်၏ မီးဖိုခန်းအတွင်းသို့ ရောက်ရှိခဲ့ဖူးသူတစ်ဦးက ယင်းစားသောက်ဆိုင်မီးဖိုခန်းနှင့် နောက်ဘက်ပြင်ပပတ်ဝန်းကျင်၏ ရွံရှာမသတီစရာမြင်ကွင်းကို ပြောပြခဲ့သည်။ "သန့်ရှင်းစင်ကြယ်မှုမရှိဘဲ ညစ်ပတ်နေတဲ့ဆိုင်တွေ အများကြီးရှိတယ်။ အဲဒီဆိုင်တွေကို ကျန်းမာရေးဌာနတွေနဲ့ သက်ဆိုင်ရာဌာနအဖွဲ့အစည်းတွေက ပုံမှန်စစ်ဆေး အရေးယူကြပ်မတ်မှုတွေ၊ ပညာပေးမှုတွေ လုပ်သင့်တယ်၊ လမ်းဘေး ဈေးသည်တွေကလည်း အောက်ခြေလူထုနဲ့ တိုက်ရိုက်ထိတွေ့ဆက်ဆံနေရတာဆိုတော့ ဈေးရောင်းချတဲ့နေရာမှ သန့်ရှင်းစင်ကြယ်ဖို့ အရေးကြီးတယ်"ဟု သူ့အမြင်ကို ပြောပြသည်။

ကျန်းမာခြင်းသည် လာဘ်တစ်ပါးဟုဆိုသော မြန်မာစကားပုံကဲ့သို့ လူသားတို့တွင် အစားအသောက်သည် ကျန်းမာခြင်းအတွက် အခြေခံအကြောင်းအရင်းဖြစ်သည်။ ထို့အတွက် လူသားအားလုံး ကျန်းမာကြံ့ခိုင်ပြီး သာယာလှပသော ဘဝများပိုင်ဆိုင်စေရန်အတွက် စားသောက်ဆိုင်ကြီးများမှအစ လမ်းဘေးစားသောက်ဆိုင်များအထိ စားသုံးသူပြည်သူများ၏ အကျိုးကို ရှေးရှု၍ မေတ္တာစေတနာကို ရှေ့တန်းတင်ကာ မလျှုတတ်လျှင် ဈေးရောင်းဆိုသော စကားပုံကဲ့သို့ ဈေးရောင်းရင်း ကုသိုလ်ရကြပါစေလို့ ဆန္ဒပြုလိုက်ပါသည်။ ။

ကိုရွှေမောင်း

မကွေးတိုင်းဒေသကြီး ရေစကြိုနှင့် ပခုက္ကူမြို့နယ်တို့ရှိ ကျေးရွာများ ဖွံ့ဖြိုးတိုးတက်မှု ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင် ကြည့်ရှုလေ့လာ

နေပြည်တော် ဖေဖော်ဝါရီ ၁၂

သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်သည် ဖေဖော်ဝါရီ ၆ ရက် ညနေပိုင်းတွင် မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ရေစကြိုမြို့နယ် ထန်းငယ်တောကျေးရွာအုပ်စုရှိ အမှတ်(၁၁၁)အခြေခံပညာမူလတန်းကျောင်း၌ ဒေသခံရပ်မိရပ်ဖများ၊ ကျေးရွာအုပ်စုအတွင်းရှိ ဒေသခံပြည်သူများ၊ ကျောင်းသား ကျောင်းသူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံပြီး ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးဆိုင်ရာကဏ္ဍများနှင့် စပ်လျဉ်း၍ အကောင်အထည်ဖော် ဆောင်ရွက်နေမှုများကို ရှင်းလင်းဆွေးနွေးသည်။

ပြည်ထောင်စုဝန်ကြီးက ပြောကြားရာတွင် စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရာ၌ ကိုယ်စီစည်းကမ်းရှိကြရန်၊ အလုပ်လုပ်ကြရန်၊ တစ်ဦးပေါ် တစ်ဦး ကိုယ်ချင်းစာစိတ်ထားကြရန် လိုအပ်ကြောင်း၊ တွက်ကတ်မှု၊ အချောင်ခိုမှုများ ရှောင်ရှားရမည်ဖြစ်ကြောင်း၊ ကိုယ်စီတာဝန်အပေါ် လေးစားလိုက်နာရန် လိုအပ်ကြောင်း၊ ချေးငွေများထုတ်ယူရာတွင် ရိုးသား၊ ဖြောင့်မှန်၊ ကတိတည်သူများဖြစ်ရန်လိုကြောင်းဖြင့် ပြောကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် ဖေဖော်ဝါရီ ၇ ရက် နံနက်ပိုင်းတွင် ရေစကြိုမြို့နယ် တောင်ဦးကျေးရွာအုပ်စု တောင်ဦးကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း အဆင့်တိုးမြှင့်ပွဲ အခမ်းအနားသို့ တက်ရောက်၍ ဒေသခံပြည်သူများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအားတွေ့ဆုံကာ ပညာရည်ထူးချွန် ထက်မြက်သော လူငယ်လူရွယ်များ ပိုမိုမွေးထုတ်ရေး၊ ပညာရေးတွင် အပြိုင်အဆိုင်ကြိုးစား၍ ကမ္ဘာနှင့်အညီ ရင်ပေါင်တန်း၊ ယှဉ်ပြိုင်နိုင်သော ကိုယ်ရည်ကိုယ်သွေးနှင့် အကျင့်စာရိတ္တကောင်းမွန်သော ကျောင်းသား ကျောင်းသူများပေါ်ထွက်လာအောင် ဆရာ ဆရာမများက ကြိုးပမ်းအားထုတ်ဆောင်ရွက်ရေးတို့ကို မှာကြားသည်။

အခမ်းအနားတွင် တာဝန်ရှိသူတစ်ဦးနှင့် ရပ်မိရပ်ဖတစ်ဦးတို့က ယခုကဲ့သို့ အခြေခံပညာ အလယ်တန်းကျောင်းခွဲအဆင့်မှ အခြေခံပညာ အလယ်တန်းကျောင်းအဆင့်သို့ တိုးမြှင့်သတ်မှတ်ပေးခဲ့သည့်အတွက် နိုင်ငံတော်အစိုးရအပေါ် ကျေးဇူးတင်ရှိပါကြောင်းနှင့် ယခုထက်ပိုမိုကာ ပညာရေးကဏ္ဍတွင် ပိုမိုကြိုးစားအားထုတ် ကြိုးပမ်းသွားမည်ဖြစ်ကြောင်းပြောကြားကြပြီး တောင်ဦးကျေးရွာဒေသခံ အလှူရှင်နှစ်ဦးက ငွေကျပ် ၂၅ သိန်းကို ကျောင်းအုပ်ဆရာကြီးထံ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် မအူအောက်ဆိပ်ကျေးရွာအုပ်စုနှင့် နွားထိမ်း၊ စဉ့်ကိုင်ကျေးရွာအုပ်စုများ၌ စိုက်ပျိုးဖြစ်ထွန်းအောင်မြင်လျက်ရှိသော ရာသီသီးနှံစိုက်ခင်းများကို ကြည့်ရှုလေ့လာပြီး ရေစကြိုမြို့နယ် မအူအောက်ဆိပ်ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများမှ ဒေသခံပြည်သူများနှင့် တွေ့ဆုံကာ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးဆိုင်ရာလုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ပညာပေးဆွေးနွေးခြင်း၊ ကျန်းမာရေး၊ ပညာရေးနှင့် စီးပွားရေးဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းပြောကြားခြင်း ဆောင်ရွက်ခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် ဖေဖော်ဝါရီ ၈ ရက် နံနက် ၉ နာရီတွင် မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ် ကျပ်ပြည့်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ ကျောင်းဖွင့်ပွဲ အခမ်းအနားဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် ကျောင်းသား ကျောင်းသူများသည် ကာယ/ ဉာဏနှစ်ဖြာပြည့်စုံရန်လိုအပ်ကြောင်း၊ ကစားချိန်အားချိန်များပေးရမည်ဖြစ်ကြောင်း၊ ဆရာ ဆရာမများ၏ အရည်အသွေးကို အမြဲစစ်ဆေး၍ သင့်လျော်သောအတန်းများပေးအပ်ရန်လိုကြောင်း၊ ကာယအား၊ ဉာဏအား၊ ငွေအား၊ လူအားစိုက်၍ ပညာပါရမီဖြည့်ဆည်းရမည်ဖြစ်ကြောင်း၊ ခံတွင်းသန့်ရှင်းရေး၊ တစ်ကိုယ်ရေ သန့်ရှင်းရေး၊ အညစ်အကြေးစွန့်ပစ်သော အိမ်သာစနစ်ကောင်းမွန်ရေး လုပ်ကိုင်ကြပါက မျှော်မှန်းလူ့သက်တမ်း တိုးမြင့်လာမည်ဖြစ်ကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

ယင်းနောက် ကျောင်းခန်းမအတွင်း ကျောင်းသား ကျောင်းသူများ၏ ကွန်ပျူတာသင်ခန်းစာ လက်တွေ့လုပ်ဆောင်မှု၊ အိမ်တွင်းလက်မှုပစ္စည်းများ ပြုလုပ်နေမှုတို့ကို လှည့်လည်ကြည့်ရှုအားပေးသည်။

ပြည်ထောင်စုဝန်ကြီးသည် မွန်းလွဲပိုင်းတွင် ရေစကြိုမြို့နယ်ရှိ ဗလဗကျေးရွာ အခြေခံပညာအထက်တန်းကျောင်းနှင့် ကိုရင့်ကျေးရွာ အမှတ်(၂၁) အခြေခံပညာမူလတန်းကျောင်းတို့၌ ကျေးရွာအုပ်စုများရှိ ဒေသခံပြည်သူများနှင့် တွေ့ဆုံ၍ ဒေသခံပြည်သူများအနေဖြင့် မြန်မာနှင့် ကမ္ဘာ့အခြေအနေမှန်များသိရှိရေး ရုပ်မြင်သံကြား သတင်းနှင့် ရေဒီယိုများနားထောင်ကြရန်၊ ကျေးရွာအုပ်စုတစ်ခုတွင် စာကြည့်တိုက်တစ်ခုဖွင့်လှစ်နိုင်ရေး ဝိုင်းဝန်းကြိုးစားကြရန်နှင့် စာများများဖတ်ကြရန်၊ သားသမီးများကို အမှန်ချစ်ပါက ပညာအမွေရအောင်ပေးရန်တို့ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အခမ်းအနားသို့ တက်ရောက်လာကြသည့် ကျေးရွာအုပ်စုများအတွက် အမှတ်တရလက်ဆောင်ပစ္စည်းများနှင့် စားသောက်ဖွယ်ရာများ ပေးအပ်ပြီး ဒေသခံပြည်သူများအား ရင်းနှီးနွေးထွေးစွာ နှုတ်ဆက်သည်။(သတင်းစဉ်)

စက်ခလုတ်နှိပ် ဖွင့်လှစ်

သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင် ပခုက္ကူမြို့နယ် ကျပ်ပြည့်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းဖွင့်ပွဲ အခမ်းအနားဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

ယင်းမာချောင်း-ယာကြီးပြင် ကျောက်ချောလမ်းသစ်ဖွင့်ပွဲ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် တက်ရောက်

နေပြည်တော် ဖေဖော်ဝါရီ ၁၂

(၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ရေနံချောင်းမြို့နယ် ယင်းမာချောင်း-ယာကြီးပြင်ကျေးလက် ကျောက်ချောလမ်းသစ်ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၁ ရက်တွင် အဆိုပါလမ်းသစ်မုခ်ဦးရှေ့၌ကျင်းပရာ မကွေးတိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီး အန့်ဇော်၊ တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမောင်မောင်အောင်၊ မကွေးခရိုင် အုပ်ချုပ်ရေးမှူး ဦးမင်းအေးလွင်တို့က လမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေက ယင်းမာချောင်း-ယာကြီးပြင် ကျေးလက်ကျောက်ချောလမ်းသစ်မုခ်ဦးကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး လမ်းသစ်ကို ဖြတ်သန်းကြည့်ရှုစစ်ဆေးကာ အခမ်းအနားသို့ တက်ရောက်လာသော ပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ယနေ့ ဖွင့်လှစ်သော ရေနံချောင်းမြို့နယ် ယင်းမာချောင်း-ယာကြီးပြင် ကျေးလက် ကျောက်ချောလမ်းသစ်သည် အရှည် ၉ မိုင် ၂ ဖာလုံရှိပြီး ပေ ၆၀ သစ်သားတံတားနှစ်စင်း၊ ပေ ၅၀ ကွန်ကရစ် ရေကျော်နှစ်စင်းနှင့် ပေ ၃၀ ကွန်ကရစ်ရေကျော်နှစ်စင်း၊ ကွန်ကရစ် ရေပြွန်လေးစင်းရှိပြီး စုစုပေါင်းကုန်ကျငွေကျပ်သိန်းပေါင်း ၄၃၆၂ ဒသမ ၂ ကို နိုင်ငံတော်က ကျခံသုံးစွဲခဲ့ကြောင်းနှင့် ၎င်းလမ်းဖောက်လုပ်ခြင်းအားဖြင့် ရေနံချောင်းမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု လေးအုပ်စု၊ ကျေးရွာပေါင်း ၁၉ ရွာ၊ အိမ်ခြေ ၂၇၀၄ အိမ်၊ လူဦးရေ ၁၆၈၄၃ တို့အား အကျိုးပြုနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ရေနံချောင်းမြို့မှတစ်ဆင့် ရေနံချောင်းမြို့နယ် အင်တောတိုက်နယ်သို့ ရောက်ရှိပြီး ကျေးရွာမူကြိုကျောင်း၊ အင်တောတိုက်နယ်ဆေးရုံ၊ တိုက်နယ်အလယ်တန်းကျောင်းတို့ကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ချင်းဆက်လမ်းဖြစ်သော ငွေးကုန်း-ဝက်ချုပ်-နတ်မောက်လမ်း ဖောက်လုပ်နေမှုကိုလည်း စစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၁၃-၂-၂၀၁၂ (တနင်္လာနေ့)

၇း၀၀	မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် -ယောဆရာတော် ဟောကြားတော်မူသော ဥပ္ပါတသန္တိပါဠိတော်
၈း၀၅	ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၈း၁၅	ပြည်ထောင်စုနေ့ဂုဏ်ပြု (ဆိုင်းအဖွဲ့ဖျော်ဖြေတင်ဆက်မှု အစီအစဉ်)
၄း၀၀	စစ်ချီတေး၊ စစ်သည်တေး
၄း၃၀	၂၀၁၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြု ဘာသာရပ်ဆိုင်ရာသင်ခန်းစာ (ဓာတုဗေဒဘာသာရပ်)
၅း၁၀	မြန်မာစာ၊ မြန်မာစကား
၅း၂၅	မြန်မာတေးသံရှင်ရွေးချယ်ပွဲ
၆း၂၀	ဆိုကြမယ်၊ ပျော်ကြမယ်
၆း၄၀	**နိုင်ငံခြားဇာတ်လမ်းတွဲ "ချမ်းမြေ့ပျော်ရွှင်" (အပိုင်း-၄)**
၇း၄၀	"ရောဝတီအတွက် နောက်ထပ်တံတားတစ်စင်း" (အပိုင်း-၂) ကမ္ဘာကျော်သရုပ်ဆောင်များ **နိုင်ငံခြားဇာတ်လမ်းတွဲ "မွေးစားသား" (အပိုင်း-၂၄) အိန္ဒိယရုပ်ရှင် "နောင်ဘဝတိုင်" (အပိုင်း-၁)**

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စစ်ဖုရင်း ဦးဆောင်သောအဖွဲ့တို့ နှစ်နိုင်ငံတွေ့ဆုံဆွေးနွေးပွဲ ကျင်းပစဉ်။ (သတင်းစဉ်)

ဒုတိယဝန်ကြီး ဦးမောင်မြင့် တရုတ်နိုင်ငံ ချစ်ကြည်ရေးခရီးမှ ပြန်လည်ရောက်ရှိ

နေပြည်တော် ဖေဖော်ဝါရီ ၁၂

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စစ်ဖုရင်း၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်ခဲ့ပြီး ယနေ့တွင် လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိသည်။

ဒုတိယဝန်ကြီး ဦးမောင်မြင့်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စစ်ဖုရင်းတို့သည် ဖေဖော်ဝါရီ ၈ ရက်တွင် နှစ်နိုင်ငံတွေ့ဆုံဆွေးနွေးပွဲကျင်းပခဲ့သည်။ အဆိုပါနေ့တွင် ဒုတိယဝန်ကြီးသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ရန်ကျဲချီအား တွေ့ဆုံခဲ့ပြီး နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးများ ပိုမိုတိုးမြှင့်ဆောင်ရွက်သွားရေးအတွက် ဆွေးနွေးခဲ့သည်။

ဒုတိယဝန်ကြီး ဦးမောင်မြင့် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဟေလုံကျန်ပြည်နယ်၊ ဟာဘေးမြို့နှင့် လျောင်နင်းပြည်နယ် တာ့လျန်မြို့များသို့လည်း သွားရောက်လေ့လာခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဇန်နဝါရီ ၂၈ ရက်က မင်္ဂလာဒုံမြို့နယ် အမှတ်(၁၇) အခြေခံပညာမူလတန်းလွန်ကျောင်း၏ ပညာရည်ချွန်ဆုပေးပွဲတွင် ၂၀၁၀-၂၀၁၁ ပညာသင်နှစ် ကျောင်းအဆင့် ဆဋ္ဌမတန်း ပထမဆု၊ ၂၀၁၁-၂၀၁၂ ပညာသင်နှစ် မြို့နယ်အဆင့် သတ္တမတန်း ဘက်စုံထူးချွန်ပြိုင်ပွဲတွင် ပထမဆု၊ မြို့နယ်အဆင့် သဒ္ဒါစွမ်းရည် ပထမဆု၊ ခရိုင်အဆင့် သဒ္ဒါစွမ်းရည် ပထမဆုရ မောင်နေသော်ထက်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်မြင့်ဦး ဆုချီးမြှင့်စဉ်။ (ပညာရေး)

(၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြု မိုင်းဖြတ်၌ တံတားဖွင့်

မိုင်းဖြတ် ဖေဖော်ဝါရီ ၁၂

(၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းဖြတ်မြို့နယ် ဆွပ်ပလောင်းကျေးရွာ၌ ဖေဖော်ဝါရီ ၁၁ ရက် နံနက် ၁၀ နာရီတွင် တံတားဖွင့်ပွဲ အခမ်းအနား ကျင်းပသည်။

ထို့နောက် တံတားသစ်ကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးမောရှေ၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ ပြည်နယ်အတွင်းရေးမှူး ဦးသန်းထွန်းလေးနှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဟိန်းသူဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အဆိုပါတံတားသည် အကျယ် ခြောက်ပေ၊ အရှည်ပေ ၁၂၀ ရှိ သံမဏိကြိုးတံတားဖြစ်ပြီး ရှမ်းပြည်နယ် (အရှေ့ပိုင်း) ပြည်ခိုင်ဖြိုးပါတီက ငွေကျပ် ၁၅ သိန်း၊ ခရိုင်/မြို့နယ်ပြည်ခိုင်ဖြိုးပါတီက ဘိလပ်မြေအိတ် ၄၀၊ ဦးကျစိုးဘိုက ဘိလပ်မြေအိတ် ၃၀၊ ကရုဏာအဖွဲ့ (ကျိုင်းတုံ)က ငွေကျပ် ၁၈ သိန်းတန်ဖိုးရှိ သံမဏိကြိုး ခြောက်ချောင်း၊ ဦးစိုင်းရွက် (ဝမ်မိုင်)က ငွေကျပ် ၂၀၀၀၀ နှင့် ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် ၃၅ သိန်းတို့ဖြင့် တည်ဆောက်ခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

မြင့်မြတ်သောဂုဏ်ရှင်များ

အေးမြင့်ကြူ (စစ်တက္ကသိုလ်)

၂၀၁၂ ခုနှစ်ထဲရောက်လာပြီး ဖေဖော်ဝါရီလပင် ကူးလာခဲ့ပြီ။ ၁၁-၁၂-၂၀၁၃ ရက်တွင် နေပြည်တော်၌ ကျင်းပမည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကြီး နီးသထက်နီးလာသည်ကို စိတ်ဝင်စားသူတိုင်း သိရှိပြီး စိတ်ပူပန်မှုတွေပြစ်ပြုလာသည်။ အိမ်ရှင်အဖြစ် အောင်မြင်စွာဆောင်ရွက်ရန် လွယ်လွယ်ပြော၍ မရသည့်လုပ်ငန်းတာဝန်ပင်ဖြစ်လာသည်။ တိုင်းပြည်နှင့်ယှဉ်၍၊ ပြည်သူနှင့်ယှဉ်၍၊ အမျိုးသားရေးနှင့်ယှဉ်၍ လုပ်ရမည့်တာဝန်ကြီးဖြစ်သည့် အားလျော်စွာ အလေးထားပြင်ဆင်ကြရပေမည်။

ကျွန်တော်တို့ ထမ်းဆောင်ရမည်မှာ ရည်မှန်းချက်တာဝန်(၂)ရပ်ဖြစ်သည့်-

(က) ပြိုင်ပွဲကြီးကို အခြားအာဆီယံနိုင်ငံများတွင် ကျင်းပသော ပြိုင်ပွဲများထက် အရည်အသွေး မနိမ့်ကျရေး။

(ခ) ပြိုင်ပွဲကြီးတွင် မြန်မာအသင်း အိမ်ရှင်ပီပီ ဆုတံဆိပ်များများရပြီး အနှစ် (၂၀)ကျော်မျှ ရပ်တည်လာခဲ့ရသော Position (၇)၊ (၈)မှ အထက် ရရှိအောင်မြင်ရေး၊ ဖြစ်နိုင်လျှင် ပထမ၊ ဒုတိယ၊ တတိယ ရရှိရေး။

ဤသို့သော ရည်မှန်းချက်တာဝန်(၂)ရပ်ကို အောင်မြင်ရေးပြင်ဆင်နေရာတွင် စိတ်ဝင်စားကြသော စေတနာရှင်နိုင်ငံသားတိုင်းက ရည်မှန်းချက်(က)က ပိုအရေးကြီးတယ်။ ရည်မှန်းချက်(ခ)က ပိုအရေးကြီးတယ်ဟု သုံးသပ်ကြပါသည်။ အမှန်တော့ နိုင်ငံသားအားလုံးသည် သုဝဏ္ဏသာမဇာတ်တော်လာ မျက်မမြင်မိဘနှစ်ပါးကဲ့သို့ သားရွှေအိုးထမ်းလာတာမြင်ချင်နေကြသည်ဆိုတာ ကျွန်တော်တို့နားလည်ပါသည်။ သို့ဖြစ်၍ ရည်မှန်းချက်နှစ်ခုလုံးအောင်မြင်အောင် ဆောင်ရွက်နေပါသည်။

အရှေ့တောင်အာရှအားကစားပြိုင်ပွဲကို ကျွန်တော်တို့မြန်မာနိုင်ငံ အိမ်ရှင်အဖြစ် လက်ခံကျင်းပခြင်း မပြုနိုင်ခဲ့သည်မှာ (၄၄)နှစ်ရှိပြီ။ အလှည့်အားဖြင့်ဆိုလျှင် (၂)လှည့်ကျော်သွားခဲ့ပြီဖြစ်ပါသည်။ အာဆီယံ ၁၀ နိုင်ငံဖြစ်၍ နှစ်နှစ်တစ်ကြိမ် အလှည့်ကျဆိုလျှင် ကျွန်တော်တို့သည် ၁၉၆၉ ခုနှစ် (၅)ကြိမ်မြောက် ကျွန်းဆွယ်အားကစားပြိုင်ပွဲအပြီး (၁၅)ကြိမ်မြောက်ကို ၁၉၈၉ ခုနှစ်တွင် လည်းကောင်း၊ (၂၅) ကြိမ်မြောက်ကို ၂၀၀၉ ခုနှစ်တွင် လည်းကောင်း ကျင်းပခွင့်ရှိသည်။ သို့သော် အိမ်ရှင်အဖြစ် လက်ခံမကျင်းပနိုင်သည့် အကြောင်းအရပ်ရပ်တွင် အဓိကအကျဆုံးဖြစ်သော အကြောင်းအချက်မှာ ပြည်တွင်း၊ ပြည်ပသုံးငွေမြောက်မြားစွာ အကုန်အကျခံနိုင်သော အားမရှိ၍ ဖြစ်ပါသည်။ အိမ်ရှင်ဖြစ်လျှင် အနိုင်ရဖို့များသောဂုဏ်ထက် တိုင်းပြည်ဘဏ္ဍာခြိုးခြံမှုက ရှေ့တန်းထားနေရသည်။ နိုင်ငံရေးကိစ္စကြောင့်ဆိုသည်မှာ သာမန်သာဖြစ်ပါသည်။

ယခု ၂၀၁၃ ခုနှစ် ဒီဇင်ဘာလတွင် နေပြည်တော်၌ အိမ်ရှင်အဖြစ် လက်ခံကျင်းပပါတော့မည်။ ဂုဏ်ယူသည့် ရှုထောင့်မှ ကြည့်ပါလျှင် အာဆီယံအဖွဲ့ဝင်နိုင်ငံတစ်ခုအနေနှင့် အလှည့်ကျအိမ်ရှင်အဖြစ် လက်ခံကျင်းပသင့်သည်မှာ ကြာပြီဟု ပြောကြလေ့ရှိပါသည်။ ယင်းနောက်တွင်မှ အိမ်ရှင်ဆိုရင် နိုင်မှာလား၊ နိုင်ပါ့မလား ဆိုသော သံသယမေးခွန်းများက ဆက်လာသည်။ "မြန်မာ့အားကစားကမ္ဘာကို လွှမ်းစေရမည်" ဟု အားပေးဆောင်ပုဒ်ထားသော်လည်း အားကစားစံချိန်များနှင့် အဆင့်အတန်းကို သိထားသော ကြီးကြီး၊ ရွယ်ရွယ်၊ ငယ်ငယ်ပုဂ္ဂိုလ်များက ယုံကြည်မှု မဝံ့မရဲသာရှိသည်။ ရိုးရာဖြစ်သော ခြင်းလုံးကိုထည့်လျှင်၊ ခြေထောက်လှေလှော် ကိုထည့်လျှင်၊ ရိုးရာလက်ဝှေ့ကိုထည့်လျှင်၊ ထုပ်ဆီးတိုးတန်းထည့်လျှင် စသည်ဖြင့် ရွှေတံဆိပ်အရေအတွက် ထပ်တက်လာမှာပေါ့ဆိုသူကလည်း ရှိသေးသည်။ နိုင်ငံဂုဏ်မြင့်လိုသူ အားကစားဝါသနာရှင်များ၏ "The will to win" စိတ်ဓာတ်သည် အမှန်ပင်ချစ်စရာကောင်းပါသည်။ ယခုအခါ ဝန်ကြီးဌာနနှင့် အားကစားအဖွဲ့ချုပ်များက အောင်ပွဲဆင်ရန် ပြင်ဆင်နေကြပါပြီဟု ပြောလိုပါသည်။

လက်ရှိအားကစားဝန်ကြီးဌာနက ဆောင်ရွက်နေသော စနစ်သည် ၂၀၀၁ ခုနှစ် 21st SEA Games မလေးရှားက ပြန်လာပြီးသည်ကစ၍ အစိုးရဌာနများက တာဝန်ခံဆောင်ရွက်ခဲ့သော အားကစားအဖွဲ့ချုပ်များစနစ်မှ ပုဂ္ဂလိကလုပ်ငန်းရှင်များက ဥက္ကဋ္ဌအဖြစ် တာဝန်ခံဆောင်ရွက်သော အားကစားအဖွဲ့ချုပ်စနစ်ကို ပြောင်းလဲလာခဲ့သည်။

ပုဂ္ဂလိကလုပ်ငန်းရှင်များဆိုတော့ ဘဏ္ဍာငွေသုံးစွဲမှုတွင် လုပ်ထုံး၊ စည်းမျဉ်းပိုမို လွတ်လပ်၍ စီမံခန့်ခွဲမှုလည်း ပိုမိုလျင်မြန်သည်။ အားကစားသမားတစ်ဖွဲ့ကို ပြည်ပသို့ လေ့ကျင့်ရေး၊ ယှဉ်ပြိုင်ရေးစေလွှတ်မည်ဆိုလျှင် ဆုံးဖြတ်ချက်လွတ်လပ်စွာ ချနိုင်သည်။ ငွေသုံးစွဲမည်ဆိုလျှင်လည်း BOD တွင် သို့မဟုတ် တစ်ဦးတည်းက ဆုံးဖြတ်ဆောင်ရွက်နိုင်သည်။ အားကစားဝန်ကြီးဌာနကသာ စီမံဆောင်ရွက်မည်ဆိုလျှင် ယင်းသို့ လျင်မြန်မည်မဟုတ်။ ငွေအသုံးသည်လည်း နိုင်ငံဘဏ္ဍာငွေကသာ လုံးဝဥဿုံသုံးရမည်ဖြစ်ရာ ထိရောက်စွာစီမံနိုင်မည် မဟုတ်တော့ပါ။ ယနေ့ အားကစားပြိုင်ပွဲများကို လူ့စွမ်းရည်များနှင့်သာ မလုံလောက်တော့ဘဲ ငွေကြေးမနေ စွမ်းရည်ပါ ယှဉ်ပြိုင်နိုင်မှ အနိုင်ရသည်ဟု ပြောစမှတ်ပြုလာကြသည်။ အားကစားသမားများ စုဆောင်းခြင်း၊ လေ့ကျင့်ခြင်း၊ သင်ကြားခြင်း၊ နည်းပြငှားခြင်း၊ အားကစားပစ္စည်းများ အစဉ်အမြဲအသင့်ဖြစ်အောင် ဖြည့်တင်းပေးရခြင်း၊ အစာအာဟာရဖြစ်အောင် ကျွေးမွေးပေးရခြင်း၊ ဆေးကုသမှုစီစဉ်ရခြင်း၊ အားကစားသမားသက်သာချောင်ချိရေးဆောင်ရွက်ပေးရခြင်း၊ လစဉ်ဝင်ငွေပေးသည်အထိ စီစဉ်ရခြင်း (များသောအားဖြင့် မပေးနိုင်ပါ)၊ ပြည်တွင်းယှဉ်ပြိုင်စရိတ်များသုံးရခြင်း၊ နိုင်ငံခြားပွဲများစေလွှတ်ရခြင်း၊ အနိုင်အရှုံးများအတွက် ဆုကြေးနှင့် နှစ်သိမ့်ကြေးများချီးမြှင့်ရခြင်း၊ မိသားစုအရေးပါ ဖြည့်တင်းဖြေရှင်းပေးရခြင်း . . . . စသည် စသည်များကို သုံးစွဲရပါသည်။ ယင်းသို့ သုံးငွေထက်ပိုသော၊ မကသောအားကစားကွင်း/အားကစားရုံကိစ္စများတွင်ပါသုံးစွဲ ဖြည့်တင်းရမည်ဆိုပါလျှင် အားကစားဖွံ့ဖြိုးတိုးတက်အောင် ဘဏ္ဍာငွေမည်မျှလိုအပ်မည်ဆိုသည်ကို စဉ်းစားရုံနှင့်ပင် ကြောက်စရာကောင်းနေပါသည်။

ပြီးခဲ့သောနှစ်က အားကစားဝန်ကြီးဌာနသည် နိုင်ငံတော်ဘဏ္ဍာငွေ ဘီလီယံကျပ်နှင့်ချီ၍ သုံးရသည်။ ကွင်းရုံများ ပြုပြင်ထိန်းသိမ်းခြင်းက ရာခိုင်နှုန်းအတော်များသည်။ ဒါလည်းမလောက်ပါ။ အဖွဲ့ချုပ်တွင် လေ့ကျင့်ပေးထားသော အားကစားသမားများအတွက် စရိတ်ကို အစိုးရနှင့်ပုဂ္ဂလိက တစ်ဝက်စီကျခံကြသည်။ အဖွဲ့ချုပ်တစ်ခုလျှင် အားကစားလေ့ကျင့်ယှဉ်ပြိုင်မှုအတွက် ယမန်နှစ်က သုံးခဲ့ရသည်မှာ ကျပ်သိန်း သုံးထောင်နှင့် အထက်ရှိကြသည်။ (MNL အသင်းများ မပါဝင်ပါ။ ၎င်းတို့က ပိုများပါသည်။)ရွက်လှေကဲ့သို့အသင်းများ(ပြည်ပစေလွှတ်မည်ဆိုလျှင်)၊ လှေလှော်ကဲ့သို့အသင်းကြီးများ(အားကစားသမားရာကျော်ရှိသည်။)လက်ဝှေ့ကဲ့သို့ အသင်းများ၊ မြားပစ်ကဲ့သို့အသင်းများအလွန်သုံးရပါသည်။ မည်ရွေ့မည်မျှကုန်သည်ကို မေးပြီးဖော်ပြလျှင် ဖြစ်ပါသော်လည်း ကိန်းဂဏန်းနှင့် မတင်ပြလိုတော့ပါ။ ဒါတောင်မှ အဖွဲ့ချုပ်အသီးသီးတွင် စခန်းဝင်အားကစားသမားတစ်ဦးအတွက် တစ်နေ့စားစရိတ်သည် ၄၀၀၀ ကျပ်နှုန်းသာရှိသည်။

နိုင်ငံတော်အစိုးရဝန်ကြီးဌာနများသည် လက်ရှိတည်ဆဲ လုပ်ထုံးလုပ်နည်းစနစ်များအရ ပြည်ပသွားလာရေးကိစ္စများတွင် နိုင်ငံခြားရေးရာမူဝါဒကောင်စီသို့ တင်ပြ၍ မူအားဖြင့် တောင်းခံခွင့်ပြုချက် ယူရပါသည်။ အဓိကမှာ နိုင်ငံခြားငွေသုံးစွဲမှုကို ထိန်းညှိပေးခြင်းဖြစ်ပါသည်။ အားကစားကိစ္စအတွက် နိုင်ငံခြားသား နည်းပြငှားရမ်းမှုအတွက်လည်း ခွင့်ပြုချက်ရယူရပါသည်။ ပြည်ပနည်းပြတစ်ဦး၏ လစာသည် တစ်လလျှင် အမေရိကန်ဒေါ်လာ ၂၀၀၀ မှ ၅၀၀၀ အထိ ရှိသည်။ ယင်းကို အစိုးရနှင့် သက်ဆိုင်ရာအားကစားအဖွဲ့ချုပ်တို့ တစ်ဝက်စီကျခံလေ့ရှိသည်။ တစ်ခါတစ်ရံ အစိုးရက ငွေကြေးအထည့်အဝင် လျော့သည့်အခါ ၆၀ ရာခိုင်နှုန်းလောက်ကို အားကစားအဖွဲ့ချုပ်က ကျခံသည်လည်းရှိသည်။ တစ်ဖက်ကပွဲစားနှင့် နည်းပြဆရာနှင့် စကားပြောပြီးပြီဖြစ်၍ နိုင်ငံမျက်နှာထောက်ထား၍ ငွေကြေးကိစ္စလောက်နှင့် အားကစားအဖွဲ့ချုပ်က နောက်မဆုတ်လိုကြတော့ပါ။ အဆိုပါနည်းပြအတွက် သွားလာရန်မော်တော်ယာဉ်၊ နေထိုင်ရန်ဟိုတယ်၊ စားသောက်ရန်နှင့် ဆေးကုသရန်စရိတ်၊ ခွင့်သွားပြန်မှုအခွင့်အရေး စသည်များကိုလည်း စာချုပ်တွင်ပါသလို တာဝန်ယူပေးရသည်။ နိုင်ငံခြားနည်းပြကလည်း အရေးပေါ်လေ့ကျင့်ဖော်သာသာငှားရတာရှိသလို နည်းစနစ်နှင့် လေ့ကျင့်မှုကောင်း၍ နှစ်လုံးပေါက်ယူရတာရှိသည်။ တစ်ခါတစ်ရံ အချို့အားကစားနည်းများတွင် ဟိုဘက်က သက်ဆိုင်ရာအားကစားအဖွဲ့ချုပ်နှင့် ရင်းနှီးမှုရှိတန်ကောင်းရဲ့ဟု အားကိုးရတာလည်းရှိသည်။

အားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌများတွင် အချို့က အင်အားကြီးလုပ်ငန်းရှင်များဖြစ်ပြီး အချို့က အလယ်အလတ်သာရှိပါသည်။ ဘာပဲဖြစ်စေ သူတို့အားလုံးသည် တိုင်းပြည်၏ အားကစားဖွံ့ဖြိုးဖို့အတွက် ကိုယ်ကျိုးဘာမျှမရနိုင်သော ငွေကြေးသုံးစွဲမှုကြီးကို ပြုလုပ်ပေးကြပါသည်။ အချို့ဆိုလျှင် အဖွဲ့ချုပ်တာဝန်အပ်စဉ်က ငြင်းဆိုလိုသော်လည်း လုပ်ရပြီဆိုသည့်အခါ ငါ့နိုင်ငံဂုဏ်အတွက်ပဲလေဆိုပြီး စေတနာနှင့် ဖွဲ့ပေါင်းစပ်ကာ နောင်တော့ဝါသနာဖြစ်သွားသည်။

ယခုနှစ် 26th SEA Games Indonesia က ပြန်လာပြီးနောက် အဖွဲ့ချုပ်ရာထူး ပြန်အပ်လိုသူပုဂ္ဂိုလ်အချို့ ရှိလာသည်။ တချို့လည်း 27th SEA Games Myanmar တွင် အိမ်ရှင်အဖြစ် ပြိုင်ပွဲဝင်ရာတွင် အရက်ရက်အလလ အားပေးသုံးစွဲ ခွန်အားထည့်ခဲ့ရသလောက် ရွှေလေး၊ ငွေလေးမရသည့်အခါ ငါ့တာဝန်ကြောင့်များ နိုင်ငံဂုဏ် ထိခိုက်မလားဆိုပြီး တာဝန်ပြန်အပ်ချင်သည်။ အားကစားသမားတို့ယှဉ်ပြိုင်မှု အကြား စံချိန်ကွာခြားမှုကို တွေ့သည့်အခါ (ဥပမာ-ပြေးခုန်ပစ်၊ ရေကူး၊ သေနတ်ပစ်၊ အလေးမ၊ တင်းနစ်၊ စက်ဘီး၊ ဂေါက်သီး စသည်တို့) ယင်းကွာခြားနေသော စံချိန်ကို ဘယ်လိုဆွဲကပ်၊ ကျော်တက်ရမလဲဆိုတာ စဉ်းစားလာကြသည်။ အိမ်ရှင်၊ အိမ်ရှင် ဆိုတိုင်း ပြီးသည့်ကိစ္စမဟုတ်ပါဆိုတာ သိစေရန် အဖွဲ့ချုပ်များကိုယ်စား ရေးမိသွားခြင်း ဖြစ်ပါသည်။

ကျွန်တော်သည် 26th SEA Games ပြန်လည်ရောက်ပြီးသည့်အခါ တကယ်လိုအပ်နေချိန် နိုင်ငံဂုဏ်ကို ကယ်တင်(ဆွဲတင်)ပေးလိုက်သော မြားပစ်က အောင်ငိုမ်းနှင့် အမျိုးသမီးရိုးရာလှေလှော်သမများအကြား ဆောင်းပါးရေး ဂုဏ်ပြုခဲ့ပါသည်။ အဖွဲ့ချုပ်များ၏ အခန်းကဏ္ဍအလွန်အရေးကြီးပါသော်လည်း ဂုဏ်သရေရှိလူကြီးများ၊ လုပ်ငန်းရှင်များဖြစ်၍ ချန်လှပ်ပြီး မြင်သာသည့်အားကစားသမားကို ဂုဏ်ပြုရခြင်းဖြစ်သည်။ အမှန်တော့ အားကစားစစ်မြေပြင်အသီးသီး၌ နောက်ကွယ်က ခွန်အားအပြင်းထန်ဆုံး တိုက်ပွဲဝင်ပေးသောသူများမှာ အားကစားအဖွဲ့ချုပ်များသာ ဖြစ်ပါသည်။ ကျွန်တော်တို့က အိမ်ရှင်အဖြစ် ကျင်းပရသောအခါ အဖွဲ့ချုပ်ဥက္ကဋ္ဌများသည် ပြိုင်ပွဲအောင်နိုင်ရေးသာမက အောင်မြင်စွာ ကျင်းပရေးကိုပါ အားကစားအဖွဲ့ချုပ်အသီးသီး၏ ဧည့်သည်၊ အာဆီယံနိုင်ငံအသီးသီးမှ အားကစားအဖွဲ့ချုပ်ဝင်များ၊ ဒိုင်များ၊ ဂျူရီများကို ဧည့်ဝတ်ကျေရဦးမှာ ဖြစ်သည်။

ကျွန်တော်အစတွင် ဖော်ပြခဲ့သော ရည်မှန်းချက်တာဝန်(၂)ရပ်အတွက် ဘယ်ဟာ အဓိကလဲဆိုပါလျှင် နှစ်ခုလုံးသည် တစ်ခုတည်းသာရှိပါသည်ဟု ဆိုချင်ပါသည်။ ၎င်းမှာမြန်မာနိုင်ငံ၏ ဂုဏ်သိက္ခာဖြစ်ပါသည်။ ယင်းကို ဖြေရှင်းရာတွင် လုပ်ဆောင်နေသောတာဝန်ခံများ၊ လုပ်ဆောင်ခဲ့ကြရသော တာဝန်ခံများ၊ စနစ်များကို အပြစ်တင်ရုံဖြင့်၊ ဝေဖန်ရုံဖြင့် ဂုဏ်သိက္ခာမြင့်လာလိမ့်မည် မဟုတ်ပါ။ အားကစားအဖွဲ့ချုပ်များသည် တိုက်ပွဲတွင် ရင်းနှီးသုံးစွဲမှုများစွာဖြင့် အနစ်နာခံဆောင်ရွက်နေရာတွင်ပင် လက်ပန်းကျချင်ချင် ဖြစ်နေပါသည်။ သူတို့လုပ်ရသည်မှာ ကံ၊ ဉာဏ်၊ ဝီရိယနည်းပညာကျွမ်းကျင်မှုတို့ ပေါင်းစပ်၍သော်တောင်မှ စိန်ခေါ်မှုတွေကြား ရှင်သန်ရပ်တည်ရသော ကိစ္စဖြစ်နေပါသည်။ တွေးသလောက် ပြောသလောက်လွယ်သော လုပ်ငန်းတာဝန်မဟုတ်ပါ။ ပြီးခဲ့သော SEA Games မြန်မာနှင့်တီမောဘောလုံးပွဲတွင် မြန်မာအသင်းနိုင်သော်လည်း တီမောက Half-field ဖိကစားပြီး (မြန်မာကအရန်လူများ သုံးထားတာများပါသည်။) မြန်မာကစားကွက် မငြိမ်၍ "ဘယ်လိုလုပ်နေတာလဲကွာ နိုင်ပါ့မလား"ဆိုသောအမေးတွင် တစ်ယောက်သောသူက "ဒါဆိုကိုယ်တိုင် လုပ်ကြည့်ပါဦး"လို့ ကျွန်တော့်ကို ပြောပါသည်။ မှန်ပါသည်။ သူပြောတာမှန်သည်။ လူ့အခွင့်အရေးအရ ပွဲကြည့်ပရိသတ်တစ်ဦးအနေဖြင့် ပြောခွင့် ဝေဖန်ခွင့်ရှိသည်ဖြစ်စေ သို့မဟုတ် စွမ်းဆောင်ရည်အရ လုပ်တတ်သည်ဟု ယုံကြည်လျှင်ဖြစ်စေ အမှန်အလုပ်လုပ်သည့်အခါ အားကစားအဖွဲ့ချုပ်များကဲ့သို့ လုပ်နိုင်စွမ်းတော့ ရှိချင်မှရှိပါမည်။

ရင်ဆိုင်ရမည့် စိန်ခေါ်မှုများအတွက် ဝါသနာရှင် စေတနာရှင်တို့၏ ခွန်အားများ ပေါင်းစပ်ပေးသင့်သည်။ မည်သို့ပင်ရှိစေ ရည်မှန်းချက်အောင်မြင်ရန် ကျွန်တော်တို့ စွမ်းစွမ်းတမံဆောင်ရွက်ရတော့မည်။ 27th SEA Games ကို အိမ်ရှင်အဖြစ် လက်ခံကျင်းပရသည့်အခါ တစ်ခုတည်းသော ရည်မှန်းချက်မှာ မြန်မာတို့၏ ဂုဏ်သိက္ခာဖြစ်ပါသည်။ ထို့ကြောင့် မြန်မာနိုင်ငံသားများသည် မြန်မာ့အားကစားမှ တစ်ဆင့် အာဆီယံတစ်ဝန်း မြန်မာဂုဏ်မြင့်တင်ရန်အလို့ငှာ. . .

- အစိုးရနှင့်လက်တွဲပါ
- အားကစားအဖွဲ့ချုပ်များကို အင်အားဖြည့်ကူညီပါ
- အားကစားသမားများကို အားပေးပါဟု ပြောကြားလိုပါသည်။

နိုင်ငံ့ဂုဏ်ကို အားကစားဖြင့် မြှင့်တင်ခြင်းသည် မြင့်မြတ်သောဂုဏ်ဖြစ်ပါသည်။ ။

ရွှေတိဂုံစေတီတော်ကြီး နှစ် (၂၆၀၀)ပြည့် ထူးခြားဆန်းကြယ်သောဖြစ်ရပ်များ

စကြာကောင်းစံ ရေးသားသော ရွှေတိဂုံစေတီတော်ကြီး နှစ်(၂၆၀၀)ပြည့် ထူးခြားဆန်းကြယ်သော ဖြစ်ရပ်များ စာအုပ်ထွက်ရှိလာသည်။ ရွှေတိဂုံစေတီတော်ကြီး နှစ်(၂၆၀၀)ပြည့် ပွဲတော်အတွက် ထူးခြားသောစာအုပ် တစ်အုပ်ဖြစ်အောင် စာရေးသူက ၎င်းမှတ်တမ်းတင်ထားသော အကြောင်းအရာများကို ဖော်ပြထားသည်။ စာအုပ်တွင် မဟာပထမနဝင်းစံတော်ရှင် ရွှေတိဂုံစေတီတော်ကြီးအကြောင်း၊ ရွှေတိဂုံစေတီတော်ကြီး၏ အမြင့်ပေ ၁၀၀ ကျော်အထက် ကျားတက်ကာဖူး ထူးတဲ့ဖြစ်ရပ်၊ အံ့ဖွယ်ထူးမြတ်ဆွမ်းကပ်ပွဲအကြောင်း၊ ဆံတော်တွင်းသို့ ဝင်ရောက်ခဲ့ဖူးသူ၏ ကိုယ်တွေ့မှတ်တမ်း၊ ဆန်းဆန်းပြားပြား သမိုင်းဓာတ်ပုံများနှင့်အတူ အကြောင်းအရာစုံလင်စွာဖြင့် မဇ္ဈိမစာပေ အမှတ်(၂၃၇) ပထမထပ် (၃၉) လမ်း ကျောက်တံတားမြို့နယ် ဖုန်း-၀၁-၃၉၂၈၃၅ မှ တန်ဖိုးငွေကျပ် ၈၀၀ ဖြင့် ဖြန့်ချိလိုက်သည်။

မြန်မာပြည်ရှိ ရှေးဟောင်းစေတီပုထိုးများ အပိုင်း(၂)

မြတ်မင်းလှိုင် ပြုစုရေးသားသည့် မြန်မာပြည်ရှိ ရှေးဟောင်းဘုရားစေတီပုထိုးများသမိုင်း ဒုတိယတွဲကို မြန်မာ၊ အင်္ဂလိပ်နှစ်ဘာသာဖြင့် ထုတ်ဝေဖြန့်ချိလိုက်သည်။

စာအုပ်တွင် စာရေးသူဖူးမြော်ခဲ့ရသည့် ဘုရားစေတီပုထိုးများနှင့်အတူ သမိုင်းမှတ်တမ်းများကို မှီငြမ်းပြုစုထားသည့် ဘုရားစေတီပုထိုးပေါင်း ၁၁၈ ဆူကို ကြည်ညိုသဒ္ဓါပွားများစေနိုင်ကြရန် ထည့်သွင်းဖော်ပြထားသည်။ နယူးလိုက်အော့ဖ်မြန်မာသတင်းစာတိုက် စာတည်းမှူးချုပ်(ငြိမ်း)များ ဖြစ်ကြသော ဦးကျော်မင်း(မင်းကျော်မင်း)နှင့် ဆရာဦးစိုးမြင့်တို့က အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုပေးထားသည်ဖြစ်၍ မြန်မာနိုင်ငံအဝန်းရှိ ရှေးဟောင်းဘုရားစေတီပုထိုးများ၏ သမိုင်းအကျဉ်းကို မြန်မာ၊ အင်္ဂလိပ်နှစ်ဘာသာဖြင့် လေ့လာခွင့်ရရှိမည့် စာအုပ်ဖြစ်သည်။ မဇ္ဈိမစာပေ အမှတ်(၂၃၇) ၃၉ လမ်း (ပထမထပ်ဝဲ) အပေါ်ဘလောက် ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၃၉၂၈၃၅မှ ဖြန့်ချိသည်။

နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း အမှတ်(၁၅၄)ထုတ်ဝေဖြန့်ချိ

ပြန်ကြားရေးဝန်ကြီးဌာနက ကြီးကြပ်စီစဉ်သော နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း အမှတ်(၁၅၄)ကို သရုပ်ဆောင်ကြည်နူးနိုင်၏ မျက်နှာဖုံးဖြင့် ထုတ်ဝေဖြန့်ချိလိုက်သည်။

ကြည်အောင်(ကေတုမတီ)၊ မြင်းမူမောင်နိုင်မိုး၊ ဇော်မင်းမင်းဦး၊ ကောင်းညွန့်ဝေ(ရေစကြို)၊ မျိုးခိုင်(မူဆယ်)၊ မြတ်ဘုန်း(တပ်ကုန်း)၊ မင်းသွေးနွယ်(ဇီးကုန်း)၊ ပုလော-စိုးနိုသာ၊ သုကိုကို(ကျုံမငေး)တို့၏ အဖွင့်ကဗျာများ၊ ဣန္ဒာဆွေ၊ မြင့်သိန်းအောင်၊ ချစ်နိုင်(စိတ်ပညာ)၊ တက္ကသိုလ်တင်ခ၊ ရန်ပိုင်ဥက္ကာ၊ မန်းခင်ခင်၊ နီမင်းညို၊ တောင်တွင်းမင်းစိုး စသည့် ဝတ္ထုတို၊ ဝတ္ထုရှည်၊ အခန်းဆက်ဝတ္ထုရှည်၊ ဆောင်းပါး၊ ကာတွန်း၊ ကလေးတို့အတွက် ကဗျာလက်ဆောင်စာလက်ဆောင်၊ တောခလေ့စာပန်းချီ၊ ကဗျာပန်းရုံရိပ်၊ ရသစာနုခံစားမှု၊ ဗုဒ္ဓစာဥယျာဉ်၊ ကဗျာ့ဉာဏ်ရည် ကဗျာ့ဂုဏ်ရည်၊ စစ်သားဘဝအမှတ်တရ၊ ရုပ်ရှင်ဗီဒီယိုကဏ္ဍ၊ အက်ဆေး၊ ပြည်ထောင်စုနေ့အထူးဆောင်းပါး စသည်တို့ဖြင့် သုတရသစုံလင်စွာ စီစဉ်တင်ဆက်ထားသည်။

အဆိုပါမဂ္ဂဇင်းကို နိုင်ငံ့ဂုဏ်ရည်စာပေတိုက်(၁) အမှတ်(၅၂၉-၅၃၁) စာပေဗိမာန်အဆောက်အအုံ ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း-၃၇၄၅၃၂ နိုင်ငံ့ဂုဏ်ရည်စာပေတိုက်(၂) ရန်ကင်းပညာရေးကောလိပ်နှင့် ရန်ကင်းကြေးအိုးဆိုင်ကြား သစ္စာလမ်းမကြီး ရန်ကုန်မြို့ ဖုန်း-၀၉-၇၃၂၀၁၉၁၁ နှင့် အမြို့မြို့အနယ်နယ်ရှိ စာအုပ်ဆိုင်ကြီးများတွင် ဝယ်ယူရရှိနိုင်ကြောင်းသိရသည်။

ဆေးဝါးလမ်းညွှန်စာအုပ် ထွက်ရှိ



ဇီဝကမဂ္ဂဇင်း အယ်ဒီတာအဖွဲ့မှပြုစုသည့် ၂၀၁၂ ပြည်တွင်း၌ အသုံးပြုနေသည့် ဆေးဝါးမိတ်ဆက်နှင့် အသုံးများ ဆေးဝါးများလမ်းညွှန်စာအုပ်ကို ရတနာသိုက်စာပေတိုက်မှ တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပြီဖြစ်သည်။ ပြည်တွင်း၌ အသုံးများနေသော ဆေးဝါးများကို အဓိကဦးစားပေးဖော်ပြထားပြီး ဆေးဝါးများနှင့်ပတ်သက်၍ ဗဟုသုတရှိစေရန် ရည်ရွယ်ထုတ်ဝေခြင်းဖြစ်သည်။ ဆေးများနှင့်ပတ်သက်၍လည်း မည်သည့်ဆေးဖြစ်သည်၊ မည်သည့်အတွက်သုံးသည်၊ ဆေးအချိန်အဆ၊ ဘေးထွက်ဆိုးကျိုးများနှင့်တကွ သတိပြုရန်များကိုပါ ဖော်ပြထားသော ဤစာအုပ်ကို ရတနာသိုက်စာပေတိုက် အမှတ်-၁၅၂(B) ပထမထပ် ဗိုလ်ချုပ်အောင်ဆန်းလမ်း ပုဇွန်တောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၂၀၀၆၉၉ မှ တစ်ပြည်လုံးသို့ ဖြန့်ချိသည်။

စာအုပ်စာပေ လူ့မိတ်ဆွေ

တောင်ပေါ်မြေပြန့် လွယ်လင့်တကူသွားလာနိုင်ရန် ပေါင်းကူးဆက်သွယ်ပေးထားသည့် မကွေးတိုင်းဒေသကြီး ချောက်မြို့နှင့် ဆိပ်ဖြူမြို့ မြစ်ကမ်းနှစ်ဖက်ကိုသွယ်တန်းထားသော အနော်ရထာတံတား

* ဧရာဝတီမြစ်၏ အရှေ့ဘက်ကမ်းနှင့် အနောက်ဘက်ကမ်း အပြန်အလှန်သွားလာရာ၌ ရေယာဉ်များ၊ လှေများကို စောင့်ဆိုင်းနေရသည့်ဘဝ၊ သွားချိန်လာချိန် ကြာမြင့်နေရသည့်ဘဝမှ လွတ်မြောက်ပြီး မြန်မြန်ဆန်ဆန် လွယ်လွယ်ကူကူ အချိန်အခါမရွေး သွားလာနိုင်အောင် နိုင်ငံတော်က မကွေးတိုင်းဒေသကြီးအတွင်း ဧရာဝတီမြစ်ကူး ဒုတိယတံတားတစ်စင်းအဖြစ် အနော်ရထာတံတားကို တည်ဆောက်ပေးခဲ့သည်။

* အနော်ရထာတံတားကြီး၏ ပေါင်းကူးဆက်သွယ်ပေးမှုကြောင့် အရှေ့ဘက်ကမ်း ချောက်မြို့နယ်နှင့် အနောက်ဘက်ကမ်း ဆိပ်ဖြူမြို့နယ်တို့ လွယ်လင့်တကူ အပြန်အလှန် ကူးသန်းသွားလာနိုင်ကြပြီဖြစ်သည်။ ဆိပ်ဖြူမြို့နယ်အပါအဝင် ဧရာဝတီမြစ်အနောက်ဘက်ကမ်းဒေသများဖြစ်သည့် ဆော၊ ပေါက်နှင့် ကျောက်ထု၊ ချင်းပြည်နယ် တောင်ပိုင်း မင်းတပ်နှင့် ကန်ပက်လက်မြို့နယ်တို့မှာ လမ်းပန်းဆက်သွယ်မှု ပိုမိုကောင်းမွန်ပြီး စီးပွားရေးအခြေအနေ၊ လူမှုရေးအခြေအနေများ တိုးတက်ဖွံ့ဖြိုးလာခဲ့သည်။

* ယခင်က လမ်းပန်းဆက်သွယ်မှုခက်ခဲသောကြောင့် ဒေသတစ်ခုနှင့်တစ်ခု ရင်းနှီးမှုနည်းပါးရခြင်း၊ တိုးတက်မှုကွာဟရခြင်းတို့ ဖြစ်ပေါ်ခဲ့ပြီး ယခု အနော်ရထာတံတားကြီးကို တည်ဆောက်ပေးထားသဖြင့် တိုင်းရင်းသားပြည်သူများ ပိုမိုရင်းနှီးချစ်ကြည်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှု အကျိုးကျေးဇူးများ ရရှိလာသည်။

အနော်ရထာတံတားအချက်အလက်များ

၁။ အနော်ရထာတံတားမှာ စုစုပေါင်း ၅၁၉၁ ပေ ရှည်ပြီး ပင်မတံတားမှာ ၄၁၉၁ ပေရှည်၍ ချဉ်းကပ်တံတား၏ အရှည်မှာ ပေ ၁၀၀၀ ဖြစ်သည်။

၂။ ပင်မတံတား၏အပေါ်ထည်မှာ သံမဏိသံပေါင် တံတားအမျိုးအစားဖြစ်ပြီး အောက်ထည်ကို သံကူကွန်ကရစ်တိုင်များဖြင့် တည်ဆောက်ထားသည်။

၃။ ချဉ်းကပ်တံတား၏ အပေါ်ထည်ကို သံကူကွန်ကရစ် ရက်မ ကြမ်းခင်းများဖြင့် တည်ဆောက်ထားပြီး အောက်ထည်ကို သံကူကွန်ကရစ်တိုင်များဖြင့် တည်ဆောက်ထားသည်။

၄။ တံတား၏ယာဉ်သွားလမ်းအကျယ်မှာ ၂၈ ပေဖြစ်ပြီး တစ်ဖက်လျှင် ခြောက်ပေစီကျယ် လူသွားလမ်းပါရှိသည်။ တံတားအောက်ရေလမ်းကင်းလွတ်နယ်မြေအကျယ်မှာ ပေ ၃၅၀ ဖြစ်ပြီး ရေအမြင့်ဆုံးတက်ချိန်တွင် ပေ ၆၀ ခန့် ကင်းလွတ်နေမည်ဖြစ်သည်။ တံတားပေါ်၌ တန် ၆၀ ယာဉ်များဖြတ်သန်းအသုံးပြုနိုင်မည်ဖြစ်သည်။

၅။ အနော်ရထာတံတားကို ၂၆-၇-၁၉၉၆ တွင် စတင်တည်ဆောက်ခဲ့ပြီး ၁၀-၃-၂၀၀၁ တွင် တည်ဆောက်ပြီးစီးခဲ့သည်။

သတင်းမှတ်စု - မောင်ငြိမ်းအေး

☆ ကျောဖုံးမှ

ထို့နောက် နံနက် ၅ နာရီခွဲတွင် ၂၀၁၂ ခုနှစ် (၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ နိုင်ငံတော် အလံတင်အခမ်းအနားကို ကျင်းပရာ အလံတင်တပ်စုက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံကို လွှင့်တင်ပေးသည်။

ဆက်လက်၍ နံနက် ၇ နာရီတွင် ၂၀၁၂ ခုနှစ် (၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ နိုင်ငံတော်အလံ အလေးပြုပွဲအခမ်းအနားကိုကျင်းပရာ တပ်မတော် (ကြည်း၊ ရေ၊ လေ) ဂုဏ်ပြုတပ်ဖွဲ့က မြို့တော်ခန်းမ ဥပစာရင်ပြင်သို့ ချီတက်နေရာယူကြသည်။

ယင်းနောက် ၂၀၁၂ ခုနှစ် (၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ပြည်ထောင်စုနေ့အခမ်းအနား ကျင်းပသည့် မြို့တော်ခန်းမ ဥပစာရင်ပြင်သို့ ရောက်ရှိလာပြီး စင်မြင့်ပေါ်၌ နေရာယူသည်။

နိုင်ငံတော်သီချင်းတီးမှုတ်

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူပြီး ဂုဏ်ပြုတပ်ဖွဲ့နှင့်အတူ ဒုတိယသမ္မတနှင့် အခမ်းအနားသို့ တက်ရောက်လာကြသူများက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံအား အလေးပြုကြရာ ဂုဏ်ပြုတပ်ဖွဲ့တီးဝိုင်းက နိုင်ငံတော်သီချင်းကို တီးမှုတ်သည်။

ယင်းနောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ အဂ္ဂမဟာသရေစည်သူ၊ အဂ္ဂမဟာသီရိသုဓမ္မ ဦးသိန်းစိန်ထံမှ ၂၀၁၂ ခုနှစ် (၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားသို့ ပေးပို့သော သဝဏ်လွှာကို ပြည်ထောင်စုနေ့ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်းက ဖတ်ကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

၂၀၁၂ ခုနှစ် (၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ်အဖြစ် နေပြည်တော်ရှိ ဝန်ကြီးဌာနရုံးများ၊ နေပြည်တော်မြို့တော်ခန်းမ၊ နေပြည်တော်ရှိ လမ်းဆုံအဝိုင်းများ၊ မြန်မာ့ကျောက်မျက်ရတနာပြတိုက်၊ မဏိရတနာ ကျောက်စိမ်းခန်းမ၊ ကျောက်စိမ်းဥယျာဉ်၊ နေပြည်တော်မြို့မဈေးနှင့် သပြေကုန်းဈေးတို့တွင် ရောင်စုံမီးများ လှပစွာထွန်းညှိထားကြသည်။

(သတင်းစဉ်)

၂၀၁၂ ခုနှစ် (၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ နိုင်ငံတော် အလံတင် အခမ်းအနားနှင့် နိုင်ငံတော်အလံ အလေးပြုပွဲ အခမ်းအနားသို့ တက်ရောက်လာကြသူများအား တွေ့ရစဉ်။

(သတင်းစဉ်)

၂၀၁၂ ခုနှစ် (၆၅)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်အဖြစ် နေပြည်တော် မြို့တော်ခန်းမ၌ ရောင်စုံမီးများ လှပစွာထွန်းညှိထားသည်ကို တွေ့ရစဉ်။

(သတင်းစဉ်)

တက်ရောက်

၂၀၁၂ ခုနှစ် (၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ နိုင်ငံတော် အလံတင်အခမ်းအနားနှင့် နိုင်ငံတော်အလံအလေးပြုပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများအား တွေ့ရစဉ်။ (သတင်းစဉ်)

○ လေယာဉ်မှ

တီထွင်ထုတ်လုပ်နိုင်ရန် ဂျပန်နိုင်ငံ တိုဟူကူးတက္ကသိုလ်မှ သုတေသနအဖွဲ့တစ်ဖွဲ့က လက်တွေ့စမ်းသပ်လေ့လာလျက်ရှိကြသည်။

အဆိုပါ သံလိုက်ရထားအမျိုးအစားသစ်မှာ ရထားတစ်စင်းနှင့် လေယာဉ်တစ်စင်းတို့ကို ပေါင်းစပ် တည်ဆောက်ထားသော ဒီဇိုင်းပုံစံဖြစ်သည်။ ယင်းရထားတွင် လေယာဉ်တစ်စင်းနည်းတူ ပန်ကာများနှင့် တောင်ပံများ ပါရှိမည်ဖြစ်ပြီး မြေပြင်ပေါ်မှ ရှပ်ကာ မောင်းနှင်နိုင်မည်ဖြစ်သည်။ ဥရောပ၌ သံလိုက်ရထားများသည် ရထားပို့ဆောင်ရေးနည်းပညာကို တစ်ခေတ်ဆန်းစေခဲ့ကြောင်း၊ ဂျပန်သိပ္ပံပညာရှင်များ၏သံလိုက်ရထားအမျိုးအစားသစ်သည်လည်း အနာဂတ်ကာလ သယ်ယူပို့ဆောင်ရေးလုပ်ငန်းကို သမိုင်းမှတ်တိုင်စိုက်ထူစေနိုင်မည်ဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။

ဂျပန်သိပ္ပံပညာရှင်များက စမ်းသပ်လျက်ရှိသော ရထားကို "အဲရိုးရထား" (Aero Train) ဟု အမည်ပေးထားသည်။ **အင်တာနက်။**

မြန်မာနိုင်ငံဆရာဝန်အသင်း သက်ကြီးဆရာဝန်များထောက်ကူအဖွဲ့
Day Care Centre ဖွင့်လှစ်မည်

ရန်ကုန် ဖေဖော်ဝါရီ ၁၂

မြန်မာနိုင်ငံဆရာဝန်အသင်း သက်ကြီးဆရာဝန်များ ထောက်ကူအဖွဲ့မှ သက်ကြီးဆရာဝန်များ ဆုစည်းရာ Day Care Centre ကို အမှတ်(၁၄-အေ) တောင်မြင်းပြိုင်ကွင်းလမ်း တာမွေကြီး (ခ)ရပ်ကွက် တာမွေမြို့နယ် ရန်ကုန်မြို့၌ ဖွင့်လှစ်မည်ဖြစ်ရာ ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၈ ရက်(စနေနေ့) နံနက် ၉ နာရီတွင် အမှတ် (၆၇၇/၇၀၉) ဗိုလ်ချုပ်အောင်ဆန်းလမ်း (၉) ရပ်ကွက် လမ်းမတော်မြို့နယ်ရှိ သူနာပြုတက္ကသိုလ် အစည်းအဝေးခန်းမ၌ ကျင်းပမည်ဖြစ်သည်။ (ကြေးမုံ)

မသန်စွမ်းသူများအတွက် အတားအဆီးကင်းမဲ့ဇုန်အဆောက်အအုံများ လွှဲပြောင်းပေးအပ်

ရန်ကုန် ဖေဖော်ဝါရီ ၁၂

ရွှေမင်းသားဖောင်ဒေးရှင်း(မြန်မာ)နှင့် ဥရောပသမဂ္ဂနိုင်ငံများအဖွဲ့တို့ ပူးပေါင်းလုပ်ဆောင်သော မသန်စွမ်းသူများအတွက် ရပ်ရွာလူထုအခြေပြု ပြန်လည်ထူထောင်ရေးစီမံချက်လုပ်ငန်း၏ အတားအဆီးကင်းမဲ့ဇုန် အဆောက်အအုံများ လွှဲပြောင်းပေးအပ်ခြင်း အခမ်းအနားကို ဖေဖော်ဝါရီ ၈ ရက်က ရန်ကုန်မြို့ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် (၁၀၇)ရပ်ကွက်ရှိ အမှတ်(၂၂) အခြေခံပညာ မူလတန်းကျောင်း၌ ကျင်းပခဲ့သည်။ **(ဓါတ်ပုံ)** (ကြေးမုံ)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ၂၀၁၂ ခုနှစ် (၆၅)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ ပေးပို့သော သဝဏ်လွှာကို နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ် အုပ်ချုပ်ရေးမှူး ဦးဝေလွင်ဖြိုး ဖတ်ကြားစဉ်။

(ထွေ/အုပ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ၂၀၁၂ ခုနှစ် (၆၅)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ ပေးပို့သော သဝဏ်လွှာကို နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် အုပ်ချုပ်ရေးမှူး ဦးမြတ်သိန်းထွန်း ဖတ်ကြားစဉ်။

(ထွေ/အုပ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ၂၀၁၂ ခုနှစ် (၆၅)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ ပေးပို့သော သဝဏ်လွှာကို မြိတ်ခရိုင် အုပ်ချုပ်ရေးမှူး ဦးလွင်ကိုဦး ဖတ်ကြားစဉ်။

(ထွေ/အုပ်)

၂၀၁၂ခုနှစ်(၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ နိုင်ငံတော်အလံတင်အခမ်းအနားကို နေပြည်တော်ရှိ မြို့တော်ခန်းမ ဥပစာရင်ပြင်၌ ကျင်းပစဉ်။ (သတင်းစဉ်)

ရန်ကုန်တိုင်းဒေသကြီး (၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ နိုင်ငံတော်အလံ အလေးပြုပွဲအခမ်းအနားကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၂

ရန်ကုန်တိုင်းဒေသကြီး (၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ နိုင်ငံတော်အလံ အလေးပြုပွဲ အခမ်းအနားကို ယနေ့နံနက် ၇ နာရီတွင် ဒဂုံမြို့နယ် ပြည်သူ့ရင်ပြင်၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များ၊ တိုင်းရင်းသားတိုင်းရင်းသူများ၊ ခရိုင်/မြို့နယ်များမှ ဒေသခံပြည်သူများ စုစုပေါင်းအင်အား ၃၃၀၀ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အခမ်းအနားသို့ တက်ရောက်လာကြသူများသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံအား အလေးပြုပြီး ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတထံမှပေးပို့သော ၂၀၁၂ခုနှစ် (၆၅)နှစ်မြောက် ပြည်ထောင်စုနေ့သဝဏ်လွှာကို ဖတ်ကြားကြောင်း သတင်းရရှိသည်။

(အောက်ပုံ) (သတင်းစဉ်)

(၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ကတ္တရာထပ်ပိုးလွှာခင်းခြင်း၊ ကွန်ကရစ်တံတားဖွင့်ပွဲနှင့် ကျောင်းဆောင်သစ်ဖွင့်ပွဲကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၁၂

ဖေဖော်ဝါရီ ၁၁ ရက် နံနက် ၈ နာရီတွင် (၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် မော်လမြိုင်မြို့ သီရိမြိုင်ရပ်ကွက်၌ ရွှေကတ္တရာလမ်း ထပ်ပိုးလွှာခင်းခြင်းနှင့် ကွန်ကရစ်တံတားဖွင့်ပွဲအခမ်းအနား ကျင်းပရာ ရှေးဦးစွာ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးကျင်ဖေ၊ ပြည်နယ်စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာတိုးတိုးအောင်၊ ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအေးဆွေနှင့် လမ်းဖြစ်မြောက်ရေးကော်မတီတစ်ဦးတို့က ရွှေကတ္တရာလမ်းသစ်နှင့် ကွန်ကရစ်တံတားသစ်တို့အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်က လမ်းသစ်ဖွင့်ပွဲကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး အဆိုပါလမ်းသစ်ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယခုဖွင့်လှစ်လိုက်သည့် ကတ္တရာလမ်း၏အရှည်မှာ (၀/၃ ဒသမ ၃၁) ဖာလုံနှင့် ကွန်ကရစ်တံတားမှာ အရှည်ပေ ၃၀၊ အကျယ် ၁၀ ပေနှင့် ထုငါးပေဖြစ်ပြီး စုစုပေါင်းငွေကျပ် ၂၃၉ သိန်းကျော် အကုန်အကျခံ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်သည် ဇေယျာသီရိရပ်ကွက် သုခဝတီ အခြေခံပညာအလယ်တန်းကျောင်း၌ ကျင်းပသည့် မြရတနာကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။

အမှာစကားပြောကြား

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ် လူမှုရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာလှဦးနှင့် ကျောင်းဖြစ်မြောက်ရေး ကော်မတီဝင်တစ်ဦးတို့က ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။

ယင်းနောက် ကျောင်းဆောင်သစ်နှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို ဇေယျာသီရိရပ်ကွက် အုပ်ချုပ်ရေးမှူးက မြို့နယ်ပညာရေးမှူး ဦးအောင်စိုးမြင့်ထံ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ကျောင်းဆောင်သစ်ဆောက်လုပ်ရာတွင် ပါဝင်လှူဒါန်းခဲ့ကြသည့် အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများပြန်လည်ပေးအပ်ကြပြီး ကျောင်းဆောင်သစ်ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ အဆိုပါ ကျောင်းဆောင်သစ်မှာ အလျားပေ ၁၅၀ နှင့် အနံပေ ၃၀ ရှိ အာစီတစ်ထပ်ဖြစ်ပြီး ငွေကျပ်သိန်း ၂၀၀ ကျော် အကုန်အကျခံတည်ဆောက်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

...ာက်ရောက်

...နှစ်မြောက် ပြည်ထောင်စုနေ့ နိုင်ငံတော် ...နိုင်ငံတော်အလံအလေးပြုပွဲအခမ်းအနားသို့ ...းအား တွေ့ရစဉ်။ (သတင်းစဉ်)



နိုင်ငံတော်သမ္မတ အဂ္ဂမဟာသရေစည်သူ၊ အဂ္ဂမဟာသီရိသုဓမ္မ ဦးသိန်းစိန်ထံမှ ၂၀၁၂ ခုနှစ် (၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားသို့ ပေးပို့သော သဝဏ်လွှာကို နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ် အုပ်ချုပ်ရေးမှူး ဦးဝေလွင်ဖြိုး ဖတ်ကြားစဉ်။ (ထွေ/အုပ်)

နိုင်ငံတော်သမ္မတ အဂ္ဂမဟာသရေစည်သူ၊ အဂ္ဂမဟာသီရိသုဓမ္မ ဦးသိန်းစိန်ထံမှ ၂၀၁၂ ခုနှစ် (၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားသို့ ပေးပို့သော သဝဏ်လွှာကို မြိတ်ခရိုင်အုပ်ချုပ်ရေးမှူး ဦးလွင်ကိုဦး ဖတ်ကြားစဉ်။ (ထွေ/အုပ်)

(၆၅)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနား အမြို့မြို့အနယ်နယ်တွင် ကျင်းပ

(၆၅)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ်၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ပေးပို့သောသဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမိုးခိုင်ထွန်း ဖတ်ကြားစဉ်။ (၅၂၇)

(၆၅)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို ရန်ကုန်မြို့ တာမွေမြို့နယ်၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ပေးပို့သော သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဝင်း ဖတ်ကြားစဉ်။ (၀၈)

(၆၅)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ်၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ပေးပို့သောသဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်မျိုးအောင် ဖတ်ကြားစဉ်။ (မြို့နယ်ပြန်/ဆက်)

(၆၅)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို ရန်ကုန်မြို့ သာကေတမြို့နယ်၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ပေးပို့သောသဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစန်းမင်း ဖတ်ကြားစဉ်။ (၅၃)

(၆၅)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို ရန်ကုန်မြို့ ဆိပ်ကမ်းမြို့နယ်၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ပေးပို့သော သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းနိုင် ဖတ်ကြားစဉ်။ (မြို့နယ်ထွေ/အုပ်)

(၆၅)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို ရန်ကုန်မြို့ ဆိပ်ကြီးခနောင်တိုမြို့နယ်၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ပေးပို့သော သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစောညီညီထွေး ဖတ်ကြားစဉ်။ (မြို့နယ်ပြန်/ဆက်)

နဝမအကြိမ်မြောက် အင်ဂျင်နီယာများ ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၂

မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း နဝမအကြိမ်မြောက် အင်ဂျင်နီယာများ ဆုံစည်း ဂေါက်သီးရိုက်ပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၈ ရက်(စနေနေ့) နံနက် ၁၀ နာရီတွင် Royal Mingalardon Golf & Country Club ၌ ကျင်းပမည်ဖြစ်ရာ ပါဝင်ကစားလိုသော ဂေါက်သီးရိုက်ဝါသနာရှင် အင်ဂျင်နီယာများအနေဖြင့် ဖေဖော်ဝါရီ ၁၇ ရက် ညနေ ၃ နာရီခွဲနောက်ဆုံးထား၍ စာရင်းပေးသွင်းကြရမည်ဖြစ်သည်။

ပြိုင်ပွဲ Sponsor အဖြစ် "CEO" အဖွဲ့က တာဝန်ယူဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ပြိုင်ပွဲ၌ အမှတ်တရပေးလိုသော ပုဂ္ဂိုလ်များနှင့် ကုမ္ပဏီအသင်းအဖွဲ့များသည် ဦးတင်အောင်မြင့် ဖုန်း-၀၉-၅၀၁၀၃၈၄၊ ဦးလှမြင့် ဖုန်း-၀၉-၅၀၀၁၁၂၃၊ ဦးမြင့်လွင် ဖုန်း-၀၉-၅၀၀၅၂၅၂၊ ဦးစိုးလွင်(မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း)ဖုန်း-၀၁-၅၁၉၆၇၃-Ext ၂၁၁)နှင့် ဦးခင်အေး(AGTI ကျောင်းသားဟောင်းများအသင်း) ဖုန်း-၀၁-၅၁၉၈၆၃ တို့သို့ ဆက်သွယ်ပေးပို့နိုင်ကြသည်။

(သတင်းစဉ်)

ပထမအကြိမ် အမျိုးသမီး Pool 8-Ball ပြိုင်ပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၂

အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာန မြန်မာနိုင်ငံဘိလိယက်နှင့်စနူကာအဖွဲ့ချုပ်နှင့် Ambur Electronics ကုမ္ပဏီမှ စုစည်း၍ Myanmar Brewery Limited မှ Main Sponsor အဖြစ် တာဝန်ယူကျင်းပမည့် ပထမအကြိမ် အမျိုးသမီး Pool 8-Ball ပြိုင်ပွဲများအား ရန်ကုန်တိုင်းဒေသကြီး ကုက္ကိုင်းရေကူးအသင်းခန်းမအတွင်း မတ် ၁၀ ရက်မှ စတင်ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲတွင် ပထမဆု ကျပ်ငွေ ၁၀ သိန်း၊ ဒုတိယဆု ကျပ်ငွေ ငါးသိန်း၊ တတိယဆု ကျပ်ငွေသုံးသိန်း၊ စတုတ္ထဆု ကျပ်ငွေ တစ်သိန်းငါးသောင်း၊ အဆင့်(၅)မှ အဆင့် (၁၀)အထိ ဆုငွေကျပ်ငါးသောင်းနှင့် အဆင့် (၁၁)မှ အဆင့်(၂၅)အထိ ဆုငွေကျပ်သုံးသောင်းချီးမြှင့်မည်ဖြစ်သည်။ ပြိုင်ပွဲဝင်ရောက်လိုသော အမျိုးသမီးအားကစားသမားများသည် မြန်မာနိုင်ငံ ဘိလိယက်နှင့် စနူကာအဖွဲ့ချုပ်၊ အောင်ဆန်းကွင်းသို့ လည်းကောင်း၊ အထက်မြန်မာပြည် မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့ရှိ (မြို့မကလပ်)တွင်လည်းကောင်း မတ် ၅ ရက်နောက်ဆုံးထား၍ စာရင်းပေးသွင်းနိုင်သည်။

အဆိုပါပြိုင်ပွဲကြီးအား Co-Sponsor အဖြစ် Yay Pyar Aye Co., Ltd., MDG, KOKINE Swimming Club, CITYGN Enterprise, CANON, 100 Plus, AMBUR Electronics တို့မှ ကူညီပံ့ပိုးထားသည်။ (ဘိလိယက်နှင့်စနူကာအဖွဲ့ချုပ်)

ဘာကလေမှချီးမြှင့်သည့် ဂိုး၂၀ ပြည့် အထိမ်းအမှတ် ရွှေဖိနပ်ဆု အာဆင်နယ်တိုက်စစ်မှူး ဗန်ပါစီဆွတ်ခူး

လန်ဒန် ဖေဖော်ဝါရီ ၁၂

အာဆင်နယ်တိုက်စစ်မှူး ရော်ဘင်ဗန်ပါစီ။

အာဆင်နယ်တိုက်စစ်မှူး ရော်ဘင်ဗန်ပါစီသည် ယခုနှစ်ဘောလုံးရာသီအတွင်း အာဆင်နယ်အသင်းအတွက် ၂၂ ဂိုး သွင်းယူပေးနိုင်ခဲ့သည့်အတွက် ဘာကလေမှ ချီးမြှင့်သည့် ဂိုး ၂၀ ပြည့် အထိမ်းအမှတ် ရွှေဖိနပ်ဆုကို ယခုနှစ်ဘောလုံးရာသီအတွက် ဦးဦးဖျားဖျား ဆွတ်ခူးနိုင်ခဲ့သည်။

ဟော်လန်နိုင်ငံသား ဗန်ပါစီသည် ယခုနှစ်ဘောလုံးရာသီအတွင်း အထူးခြေစွမ်းပြကစားနိုင်ခဲ့ပြီး အာဆင်နယ်အသင်းအနိုင်ရရှိရန် ရုန်းကန်ခဲ့ရသည့် ပွဲစဉ်များအတွင်း အရေးပါသောဂိုးများစွာ သွင်းယူပေးနိုင်ခဲ့သည်။ ဗန်ပါစီသည် ယခုနှစ်အတွင်း အာဆင်နယ်အသင်းအတွက် (၂၄)ပွဲ ကစားပေးခဲ့ပြီး ၂၂ ဂိုး သွင်းယူပေးထားသည်။

ထို့ပြင် ၎င်းသည် အလန်ရှီးယားနှင့် အန်ဒီကိုးတို့ စံချိန်တင်ထားသည့် တစ်ရာသီအတွင်း ၃၄ ဂိုးသွင်းယူခဲ့သည့် စံချိန်ကို ချိုးဖျက်ရန် ပစ်မှတ်ထားနေသည်။ ယင်းအပြင် ဘာကလေသည် တစ်ရာသီအတွင်း ဂိုး ၃၀ သွင်းယူနိုင်သည့် ကစားသမားများကိုလည်း အဆိုပါဆုတံဆိပ် ချီးမြှင့်လေ့ရှိသဖြင့် ၂၀၀၇-၂၀၀၈ ဘောလုံးရာသီတွင် မန်ယူအသင်း၌ ခရစ်စတီယာနိုရော်နယ်ဒို အဆိုပါဆုကို ဆွတ်ခူးပြီးနောက် ဗန်ပါစီသည် နောက်ထပ် ဆွတ်ခူးနိုင်မည့် ကစားသမားအဖြစ်လည်း ရေပန်းစားနေသည်။

ဗန်ပါစီသည် ပြီးခဲ့သည့်နှစ်က သွင်းဂိုး (၂၀)ဖြင့် ပရီမီယာလိဂ်သွင်းဂိုး အများဆုံး ရွှေဖိနပ်ဆုကို ဆွတ်ခူးခဲ့သည့် မန်ယူတိုက်စစ်မှူး ဘာဘာတော့ဗ်၏ စံချိန်ကိုလည်း ကျော်ဖြတ်နိုင်ခဲ့ပြီး ယခုနှစ်ဘောလုံးရာသီအတွင်း ဂိုးသွင်းခြေတွေ့နေသည့် နယူးကာဆယ်တိုက်စစ်မှူး ဒမ်ဘာဘာ၏ သွင်းဂိုး ၁၆ ဂိုးကိုလည်း နောက်ကောက်ချကာ စံချိန်တင် ထားနိုင်ခဲ့သည်။

အင်တာနက်။

ထိုင်းနိုင်ငံရှိ အအေးခန်းစက်ရုံတစ်ရုံ၌ မီးလောင်မှုဖြစ်ပွား၊ မြန်မာအလုပ်သမားအချို့ ထိခိုက်မှုရှိခဲ့သော်လည်း ပြင်းထန်မှုမရှိ

နေပြည်တော် ဖေဖော်ဝါရီ ၁၂

ဖေဖော်ဝါရီ ၁၁ ရက် မွန်းလွဲ ၂ နာရီခန့်တွင် ထိုင်းနိုင်ငံ မဟာချိုင်ဒေသ Samut Sakhon ခရိုင် Samut Sakhon မြို့ Thasai နယ်မြေ(၇)ရပ်ကွက် Big C ကုန်တိုက်အနီးရှိ Thai Union Frozen Products စက်ရုံ ပုစွန်အအေးခန်း၌ ဂက်(စ်)အိုးပေါက်ရာမှတစ်ဆင့် မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ကြောင်း၊ မီးလောင်မှုဖြစ်ပွားသော စက်ရုံသည် ဝင်လမ်းကျဉ်းသဖြင့် မီးသတ်ယာဉ် ဝင်/ထွက်ရန် အခက်အခဲရှိ၍ ရပတ်ယာဉ်နှစ်စင်းဖြင့် ညနေ ၃ နာရီ ၁၅ မိနစ်ခန့်မှစ၍ မီးငြိမ်းသတ်ခဲ့ရာ ည ၇ နာရီခန့်တွင် မီးငြိမ်းသွားခဲ့ကြောင်း သိရသည်။

အဆိုပါ စက်ရုံတွင် မြန်မာအလုပ်သမား ၈၀၀၀ ကျော်နှင့် ထိုင်းအလုပ်သမား ၂၀၀၀ ကျော် ဝင်ရောက်အလုပ်လုပ်ကိုင်လျက်ရှိပြီး မီးလောင်မှုကြောင့် မြန်မာအလုပ်သမား အမျိုးသမီး ၃၁ ဦးနှင့် ထိုင်းအလုပ်သမား ခြောက်ဦး စုစုပေါင်း ၃၇ ဦးတို့ မီးခိုးငွေ့ရှူရှိုက်မိပြီး မူးမေ့သဖြင့် ဝီချိုင်ဝေ့(ဒ်)ဆေးရုံသို့ တင်ပို့ကုသခဲ့ရကြောင်း၊ ထိုနေ့မှာပင် တစ်ဝက်ခန့် ဆေးရုံမှ ဆင်းနိုင်ခဲ့ပြီး ကျန်လူများအနေဖြင့် သုံးရက်အတွင်း ဆေးရုံမှ ဆင်းခွင့်ရမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ခရီးသည်တင်ယာဉ်နှင့် မော်တော်ဆိုင်ကယ်တိုက် နှစ်ဦးသေ၊ တစ်ဦးဒဏ်ရာရ

နေပြည်တော် ဖေဖော်ဝါရီ ၁၂

ဖေဖော်ဝါရီ ၅ ရက် မွန်းလွဲ ၁ နာရီ ၄၅ မိနစ်တွင် မွန်ပြည်နယ် သထုံခရိုင် ပေါင်မြို့နယ် ဥတ္တမားကျေးရွာ ရန်ကုန်-မြိတ်လမ်း၊ မိုင်တိုင်အမှတ်(၁၇၃/၄)နှင့် (၁၇၃/၅)ကြား၌ ရန်ကုန်မှ မော်လမြိုင်သို့ ယာဉ်မောင်းဦးမျိုးကိုကို မောင်းနှင်လာသော ရာဇာမင်းခရီးသည်တင်ယာဉ်နှင့် မော်လမြိုင်ဘက်မှ သံဃာတော်ဦးပညာသာမိအပါအဝင် သံဃာသုံးပါးမောင်းနှင်စီးနင်းလာသောဆိုင်ကယ်တို့ မျက်နှာချင်းဆိုင်တိုက်မိခဲ့သည်။

အဆိုပါယာဉ်တိုက်မှုကြောင့် သံဃာဦးပညာသာမိ သက်တော်(၄၇)နှစ်၊ ဝါတော်(၅) ဝါနှင့် ဦးဓမ္မပါလ သက်တော်(၃၂)နှစ်၊ ဝါတော် (၅)ဝါတို့သည် ပွဲချင်းပြီး ပျံလွန်တော်မူ၍ ဦးအိန္ဒက သက်တော်(၄၆)နှစ်၊ ဝါတော် (၅)ဝါမှာ ဒဏ်ရာပြင်းထန်စွာရရှိသဖြင့် မော်လမြိုင်ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ဆေးကုသလျက်ရှိပြီး သံဃာတော်သုံးပါးမှာ မော်လမြိုင်မြို့ ဖက်တန်းရပ်ကွက် ရတနာဗောဓိကျောင်းမှ ဖြစ်ကြောင်း သိရှိရသည်။

ယာဉ်တိုက်မှုဖြစ်ပွားသည့် ရာဇာမင်းခရီးသည်တင်ယာဉ်မောင်း ဦးမျိုးကိုကိုအား သက်ဆိုင်ရာကအမှုဖွင့် အရေးယူထားကြောင့် သိရှိရသည်။ (သတင်းစဉ်)

လီဗာပူးအသင်းခေါင်းဆောင်ဟောင်း တွမ်မီစမစ် ၎င်း၏ဆုတံဆိပ်များကို ရောင်းချမည်ဟု ထုတ်ပြန်ကြေညာ

လန်ဒန် ဖေဖော်ဝါရီ ၁၂

လီဗာပူးအသင်းခေါင်းဆောင်ဟောင်း တွမ်မီစမစ်**(ဝဲပုံ)**သည် ယခင်လီဗာပူးအသင်းတွင် ကစားခဲ့စဉ်ကရရှိခဲ့သည့် ဆုတံဆိပ် များနှင့်အမှတ်တရပစ္စည်းများကိုရောင်းချမည်ဟု ထုတ်ပြန်ကြေညာခဲ့သည်။

အသက်(၆၆)နှစ်အရွယ် စမစ်သည် ၁၉၆၃ ခုနှစ်မှ ၁၉၇၈ ခုနှစ်အတွင်း လီဗာပူးအသင်း၏ နောက်တန်းကစားသမားအဖြစ် ပွဲစဉ်ပေါင်း ၆၃၈ ပွဲ ပါဝင်ကစားခဲ့ပြီး အမှတ်ပေးဖလားနှစ်ကြိမ်၊ အက်ဖ်အေဖလား နှစ်ကြိမ်၊ ယူအီးအက်ဖ်အေဖလားနှစ်ကြိမ်နှင့် ဥရောပဖလား တစ်ကြိမ် ကိုင်မြှောက်နိုင်ခဲ့သည်။

၎င်းရရှိခဲ့သည့် ဆုတံဆိပ်နှင့်အမှတ်တရပစ္စည်းများမှာ ၇၅ မျိုးခန့်ရှိပြီး လာမည့် ဖေဖော်ဝါရီ ၂၂ ရက်တွင် လေလံတင်ရောင်းချမည်ဖြစ်သည်။ ၎င်း၏ ပစ္စည်းများရောင်းချမှုမှ ပေါင် ၁၂၀၀၀၀ ခန့်ရရှိမည်ဟု ခန့်မှန်းထားသည်။

ယင်းကိစ္စနှင့်ပတ်သက်၍ စမစ်က မိမိတွင် ဆုတံဆိပ်၊ တီရှပ်နှင့် အခြားအဖိုးတန် အမှတ်တရပစ္စည်းများရှိကြောင်း၊ ထိုပစ္စည်းများကို မြတ်နိုးတန်ဖိုးထားခဲ့ကြောင်း၊ မိမိအိမ်ရှိ မှန်ဗီရိုထဲတွင် ထားရှိပြီး နေ့စဉ်ကြည့်ရှုခဲ့ကြောင်း၊ သို့သော် ယခုအချိန်တွင် မိမိမှာ အသက်အရွယ်ကြီးလာပြီဖြစ်ကြောင်း၊ ထို့ကြောင့် ယခုအချိန်တွင် မိမိအတွက် ထိုပစ္စည်းများထက် ငွေသာလျှင် ပိုမိုအသုံးဝင်လာပြီဖြစ်ကြောင်း၊ ထိုပစ္စည်းများကို မြတ်နိုးတန်ဖိုးထားဆဲဖြစ်သော်လည်း လက်ရှိအခြေအနေအရ စွန့်လွှတ်ရတော့မည်ဖြစ်ကြောင်း၊ ယင်းပစ္စည်းများကို လီဗာပူးအသင်းကိုအားပေးသည့် အမာခံပရိသတ်တစ်ယောက် ဝယ်ယူသွားလိမ့်မည်ဟုလည်း မျှော်လင့်ထားကြောင်း(Liverpool Echo)ဌာနသို့ ပြောကြားခဲ့သည်။

အင်တာနက်။

နိုင်ငံတကာသတင်းများ

ဖောက်ကလန်ကျွန်းစုသို့ ဗြိတိန်က နျူလက်နက်များပို့ဆောင်ထားကြောင်း အာဂျင်တီးနားစွပ်စွဲ

ကုလသမဂ္ဂ ဖေဖော်ဝါရီ ၁၂

နှစ်နိုင်ငံအကြား ပိုင်ဆိုင်ခွင့်အငြင်းပွားမှု ပေါ်ပေါက်နေသော ဖောက်ကလန်ကျွန်းစုဒေသသို့ ဗြိတိန်နိုင်ငံက နျူကလီးယားလက်နက်များပို့ဆောင်ထားကြောင်း အာဂျင်တီးနားနိုင်ငံက ဖေဖော်ဝါရီ ၁၀ ရက်တွင် စွပ်စွဲပြောကြားခဲ့သည်။

ဖန်တီးရာရောက်

ဗြိတိန်နိုင်ငံသည် တောင်အတ္တလန္တိတ်ဒေသသို့ နျူကလီးယားစွမ်းအင်သုံး ရေငုပ်သင်္ဘောတစ်စင်းစေလွှတ်ထားခြင်းဖြင့် ၁၉၆၇ ခုနှစ် လက်တင်အမေရိကစာချုပ်ကို ချိုးဖောက်ကာ ဖောက်ကလန်ကျွန်းစုဒေသအား စစ်နယ်မြေအဖြစ် ဖန်တီးရာရောက်ကြောင်းအာဂျင်တီးနားနိုင်ငံခြားရေးဝန်ကြီး ဟက်တာတီမာမင်းက ပြောကြားခဲ့သည်။

တားမြစ်ထား

၁၉၆၇ လက်တင်အမေရိကစာချုပ်အရ ဒေသတွင်း နျူကလီးယားလက်နက်များထားရှိမှု၊ လက်လွှဲပြောင်းမှုနှင့် အသုံးပြုမှုတို့ကို တားမြစ်ထားသည်။

ဖောက်ကလန်ကျွန်းစုဒေသကို စစ်နယ်မြေအဖြစ် ဖန်တီးနေခြင်းနှင့်ပတ်သက်၍ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်နှင့် လုံခြုံရေးကောင်စီသို့ ကန့်ကွက်လွှာတစ်စောင်အား အာဂျင်တီးနားနိုင်ငံခြားရေးဝန်ကြီးက တင်သွင်းခဲ့သည်။

ဖောက်ကလန်ကျွန်းစု၏ အချုပ်အခြာကို ဗြိတိန်နိုင်ငံက ကာကွယ်သွားမည်ဖြစ်ကြောင်း၊ ဗြိတိန်သည် အာဂျင်တီးနားနှင့် ဆွေးနွေးလိုသော်လည်း ဖောက်ကလန်ကျွန်းစုနေပြည်သူများ၏ ဆန္ဒမပါပါက ယင်းကျွန်းစုဒေသ၏ အချုပ်အခြာပိုင်စိုးမှုဆိုင်ရာ အငြင်းပွားမှုကို ဆွေးနွေးမည်မဟုတ်ကြောင်း ကုလသမဂ္ဂဆိုင်ရာ ဗြိတိန်သံအမတ်ကြီးက ပြောကြားခဲ့သည်။

ဗြိတိန်ရေတပ်မှ နျူကလီးယားစွမ်းအင်သုံး ရေငုပ်သင်္ဘောတစ်စင်း။

ဖောက်ကလန်ကျွန်းစု ပိုင်ဆိုင်ခွင့်ပြဿနာအရှိန် မြင့်တက်မလာစေရေးအတွက် နှစ်ဖက်လုံးအနေဖြင့် ထိန်းထိန်းသိမ်းသိမ်း ဆောင်ရွက်ရန် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်းက အာဂျင်တီးနားနှင့်ဗြိတိန်တို့အား မေတ္တာရပ်ခံထားသည်။

အာဂျင်တီးနားနှင့် ဗြိတိန်တို့သည် ဖောက်ကလန်ကျွန်းစု ပိုင်ဆိုင်ခွင့်အရေးနှင့် ပတ်သက်၍ ၁၉၈၂ ခုနှစ်က ရေတိုစစ်ပွဲတစ်ရပ်ဆင်နွှဲခဲ့ဖူးသည်။

အင်တာနက်။

ဗော့စတော့ရေအိုင်မှရေကို ရုရှားဝန်ကြီးချုပ်ပူတင် လက်ဆောင်အဖြစ် ဦးဦးဖျားဖျားရရှိ

မော်စကို ဖေဖော်ဝါရီ ၁၂

ရုရှားသိပ္ပံပညာရှင်များတွေ့ရှိခဲ့သော အန္တာတိကရေခဲပြင်အောက်မှ လူ့သမိုင်းမတင်မီခေတ် ရေချိုအိုင်ကြီး၏ ရေများကို ရုရှားဝန်ကြီးချုပ် ဗလာဒီမာပူတင်က ဦးဦးဖျားဖျားရရှိခဲ့ကြောင်း ဖေဖော်ဝါရီ ၁၁ ရက် သတင်းများတွင် ဖော်ပြထားသည်။

ကြမ်းကြမ်းရမ်းရမ်း တောတွင်းစွန့်စားခန်းများ၌ မွေ့လျော်တတ်သူ ရုရှားဝန်ကြီးချုပ်သည် ဗော့စတော့ရေအိုင်ခေါ် အန္တာတိကရေခဲပြင်အောက်မှ ရေချိုအိုင်ကြီး၏ ရေနမူနာကို ပထမဆုံးလက်ခံရရှိသူဖြစ်လာကြောင်း သတင်းများအရ သိရသည်။

သက်တမ်းအရ နှစ်ပေါင်း တစ်သန်းကျော်ရှိပြီဖြစ်သည့် ဗော့စတော့ရေအိုင်ကြီးမှ ရေနမူနာကို ရုရှားနိုင်ငံ သဘာဝအရင်းအမြစ်ရေးရာဝန်ကြီး ယူရီထရူနက်ဗ်က ဝန်ကြီးချုပ် ဗလာဒီမာပူတင်ထံ ပေးအပ်ခဲ့ကြောင်း ရုရှားအစိုးရက သတင်းထုတ်ပြန်ခဲ့သည်။ ရုရှားသိပ္ပံပညာရှင်များ ဖေဖော်ဝါရီ ၈ ရက်တွင် ရှာဖွေတွေ့ရှိခဲ့သော ဗော့စတော့ရေအိုင်ကြီးမှ ရေထုသက်တမ်းသည် နှစ်တစ်သန်းကျော်ရှိပြီဖြစ်ကြောင်း သိရသည်။

နှစ်တစ်သန်းကျော်သက်တမ်းရှိ ဗော့စတော့ရေကန်ဟူ၍ အမည်တပ်ထားသော ဝါကြင့်ကြင့်အရည်များ ပါရှိသည့် ဖန်ဘူးတစ်လုံးကို ရုရှားသဘာဝအရင်းအမြစ်နှင့် ဂေဟဗေဒစနစ်ဆိုင်ရာဝန်ကြီးက ဗလာဒီမာပူတင်ထံသို့ ပေးအပ်ခဲ့ကြောင်း သတင်းများတွင် ဖော်ပြထားသည်။

ဗော့စတော့ရေအိုင်ကြီးမှရေကို ဦးဦးဖျားဖျားသောက်သုံးခဲ့ခြင်းရှိ၊ မရှိ ရုရှားသဘာဝအရင်းအမြစ်ဆိုင်ရာ ဝန်ကြီးအား အတည်ပေါက်ဖြင့် နောက်ပြောင်တတ်သော ဗလာဒီမာပူတင်က မေးမြန်းခဲ့သည်။

အကယ်၍ သောက်သုံးမိပါက ဗော့စတော့ရေအိုင်မှရေကို ပထမဆုံးသောက်သုံးသူများမှာ ဝန်ကြီး ယူရီထရူနက်ဗ်နှင့် ဒိုင်နိုဆောများသာ ဖြစ်လိမ့်မည်ဟု ဗလာဒီမာပူတင်က ပြောကြားခဲ့သည်။ ***အင်တာနက်။***

၂၀၁၂ ခုနှစ် (၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ နိုင်ငံတော်အလံတင်အခမ်းအနားနှင့် နိုင်ငံတော်အလံ အလေးပြုပွဲအခမ်းအနား နေပြည်တော် မြို့တော်ခန်းမ၌ ကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၁၂

တိုင်းရင်းသားစည်းလုံးညီညွတ်မှုစွမ်းပကားဖြင့် ပြည်ထောင်စုကြီး ထာဝရအဓွန့်ရှည်တည်တံ့ခိုင်မြဲအောင်တည်ဆောက်ရေး၊ ဒို့တာဝန်အရေးသုံးပါးကို ပြည်ထောင်စုသားအားလုံးက အစဉ်ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး၊ တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန်ထွန်းကားအောင် ဖော်ဆောင်ရေး၊ ပြည်ထောင်စုတိုင်းရင်းသားအားလုံးအတွက် ထာဝရငြိမ်းချမ်းမှုရရှိအောင် ကြိုးပမ်းဆောင်ရွက်ရေး၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီကိုကျင့်သုံးပြီး ပြည်ထောင်စုကြီး ခေတ်မီဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေးဟူသည့် ၂၀၁၂ ခုနှစ် (၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက် (၅)ရပ်နှင့်အညီ အနှစ်သာရပြည့်ဝစွာ ကျင်းပသည့် ၂၀၁၂ ခုနှစ် (၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ နိုင်ငံတော်အလံတင်အခမ်းအနားနှင့် နိုင်ငံတော်အလံအလေးပြုပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြို့တော်ခန်းမရှေ့ ဥပစာရင်ပြင်၌ ကျင်းပရာ ၂၀၁၂ ခုနှစ် (၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ ကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း တက်ရောက်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ အဂ္ဂမဟာ သရေစည်သူ၊ အဂ္ဂမဟာသီရိသုဓမ္မ ဦးသိန်းစိန်ထံမှ ၂၀၁၂ ခုနှစ် (၆၅)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ ပေးပို့သော သဝဏ်လွှာကိုဖတ်ကြားသည်။

နိုင်ငံတော်သမ္မတ အဂ္ဂမဟာသရေစည်သူ၊ အဂ္ဂမဟာသီရိသုဓမ္မ ဦးသိန်းစိန်ထံမှ ၂၀၁၂ ခုနှစ် (၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားသို့ပေးပို့သော သဝဏ်လွှာကို ပြည်ထောင်စုနေ့ကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ဖတ်ကြားစဉ်။ (သတင်းစဉ်)

တက်ရောက်

အဆိုပါ အခမ်းအနားသို့ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများ၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးအဖွဲ့ဝင်များ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ၊ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ တပ်မတော်အရာရှိကြီးများ၊ ပြည်သူ့လွှတ်တော်နှင့်အမျိုးသားလွှတ်တော်တို့မှ ကိုယ်စားလှယ်များ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ဒုတိယရှေ့နေချုပ်၊ ၂၀၁၂ ခုနှစ် (၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဂုဏ်ထူးဆောင်ဘွဲ့ရပုဂ္ဂိုလ်များ၊ ဝန်ကြီးဌာနများမှဝန်ထမ်းများ၊ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ မြို့နယ်များမှ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တပ်ရင်းတပ်ဖွဲ့များမှ မိသားစုများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ တိုင်းရင်းသား တိုင်းရင်းသူကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ စုစုပေါင်းအင်အား ၂၃၀၀ ကျော် တက်ရောက်ကြသည်။

စနစ်တကျနေရာယူ

အခမ်းအနားသို့ တက်ရောက်ကြမည့် ဌာနဆိုင်ရာများမှဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ တိုင်းရင်းသား တိုင်းရင်းသူကိုယ်စားလှယ်များသည် နံနက် ၅ နာရီမှစတင်၍ စုရပ်အသီးသီးမှ အခမ်းအနားကျင်းပမည့် မြို့တော်ခန်းမ ဥပစာရင်ပြင်ရှိ သတ်မှတ်နေရာများသို့ စနစ်တကျ ဝင်ရောက်နေရာယူကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ☆

နိုင်ငံတကာ အင်တာနက် သိပ္ပံ သတင်း ➢➢ ဘာသာပြန် - စံစံ

လေယာဉ်ကဲ့သို့ မောင်းနှင်နိုင်မည့်ရထား ဂျပန်သိပ္ပံပညာရှင်များ စမ်းသပ်လေ့လာ

တိုကျို ဖေဖော်ဝါရီ ၁၂

လေယာဉ်တစ်စင်းကဲ့သို့ မောင်းနှင်နိုင်သော ရထားတစ်စင်း**(အောက်ပုံ)** ကို တီထွင်ထုတ်လုပ်နိုင်ရန် ဂျပန်သိပ္ပံပညာရှင်များက လက်တွေ့စမ်းသပ်မှုများ ပြုလုပ်လျက်ရှိသည်။

အနာဂတ်ကာလ၌ ကမ္ဘာ့အမြန်ဆုံးရထားတစ်စင်းအဖြစ် ခရီးစဉ်များ ပြေးဆွဲလာနိုင်စေရန် သံလိုက်ရထား အမျိုးအစားသစ်ကို

စာမျက်နှာ ၈ ကော်လံ ၁ သို့ ○

ယ နေ့ သ တ င်း အ ညွှ န်း

ငွေကြေးပြဿနာကိစ္စရပ်များတွင် စာရင်းစစ်ကဏ္ဍသည် လွန်စွာ အရေးပါ — ပြည်တွင်းသတင်း စာမျက်နှာ ၂

မွန်ပြည်နယ်အတွင်း ငှက်ဖျားရောဂါဖြစ်ပွားမှုနှုန်း ၁၀ နှစ်အတွင်း ကျဆင်းလာကြောင်း တွေ့ရှိရ — ပြည်တွင်းသတင်း စာမျက်နှာ ၃

ယင်းမာချောင်း-ယာကြီးပြင် ကျောက်ချောလမ်းသစ်ဖွင့် — ပြည်တွင်းသတင်း စာမျက်နှာ ၅

ဟော့စတော့ရေအိုင်မှ ရေကို ရုရှားဝန်ကြီးချုပ် ပူတင် လက်ဆောင်အဖြစ် ရရှိ — နိုင်ငံတကာသတင်း စာမျက်နှာ ၁၀

မပြောမပြီး မတီးမမြည် ဈေးရောင်းရင်း ကုသိုလ်ယူတတ်ပါစေ — ယနေ့ဖတ်စရာ စာမျက်နှာ ၄

လီဗာပူးအသင်းခေါင်းဆောင်ဟောင်း တွမ်မီစမစ် ၎င်း၏ဆုတံဆိပ်များကို ရောင်းချမည်ဟု ကြေညာ — နိုင်ငံတကာအားကစားသတင်း စာမျက်နှာ ၁၀